# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၈၈)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်း ဖတ်ကြားတင်ပြ




ရန်ကုန် ဒီဇင်ဘာ ၂၆

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ကိုးဦးတို့ထံမှ စုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။




### တက်ရောက်

အဆိုပါ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသား အဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊တနင်္သာရီတိုင်း၊ စာမျက်နှာ ၃ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။

(သတင်းစဉ်)



## မိုးလေဝသအခြေအနေ

၂၇-၁၂-၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**


27-12 (01) 1 12/27/06, 2:31 AM

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

## မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းများ အမြန်ပြီးစီးရန် ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံကာ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့်အတူ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအပါအဝင် ဒေသဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ဇော်ဂျီမြစ်ရေကို ထိရောက်စွာ အသုံးချနိုင်ရေးလုပ်ငန်းများနှင့် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း၊ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို တိုးချဲ့ တည်ဆောက်လျက်ရှိသည်။

ကျိုင်းခမ်း၊ ဇော်ဂျီ၊ မြို့ကြီးရေလှောင်တမံတို့မှတစ်ဆင့် စီးဆင်းလာသောရေများကို မိတ္ထီလာလွင်ပြင်သို့ ပေးဝေနိုင်ရေးအတွက်သာမက ရေအားလျှပ်စစ် ပူးတွဲထုတ်လုပ်ရေးအတွက်ပါ နိုင်ငံတော်က ဖြည့်ဆည်း ပေးလျက်ရှိသည်။

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် ကျိုင်းခမ်း ကျေးရွာအနီး နမ့်အက်ချောင်းပေါ်၌ အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းပြီးစီးပါက ရေအား လျှပ်စစ် ၆ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။ ထို့ပြင် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ ပင်မတမံ အလျား ၂၄၆၆ပေ၊ အမြင့် ၂၅၈ပေရှိ မြို့ကြီးရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

မြို့ကြီးရေလှောင်တမံသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မြို့ကြီးရေလွှဲဆည်၊ ကင်းတား ရေပေးတူးမြောင်းစနစ်တို့မှ ရေပေးဝေမည့်အပြင် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ကိုပါ ပူးတွဲ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုအခါ မိတ္ထီလာကန်အတွင်းသို့ ရေကူးရေဖြည့်ရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ရေဝင်မှု အားကောင်းလျက်ရှိသဖြင့် ရည်မှန်းထားသည့်အတိုင်း စိုက်ပျိုးမြေဧကများအတွက် ရေတိုးမြှင့် ပေးဝေနိုင်မည် ဖြစ်သည်။

ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည် ရေးကိုသာမက အညာဒေသတစ်ခုလုံး စိမ်းလန်းစေရန် ဘက်စုံစီမံကိန်းများ အမြန်ပြီးစီးရေး အင်တိုက် အားတိုက် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဦးအောင်သောင်း ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)စစ်ဆေး ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေး ကြိုးပမ်းရန်မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သောင်းနှင့်ဦးသိန်းဇော်တို့သည် ဒီဇင်ဘာ၂၃ရက် ညပိုင်းက မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးအစည်းအဝေးခန်းမ၌ မန္တလေးတိုင်း၊ခရိုင်နှင့်မြို့နယ်များမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက် နှင့် ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက မန္တလေးတိုင်း၊ခရိုင်၊မြို့နယ်နှင့်ရပ်ကွက် ကျေးရွာများအတွင်း ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းတို့က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။

### ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်း ကျောက်ဆည်စက်ရုံများဒေသ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးအား စက်ရုံမှူး ဦးစိန်အောင်နှင့် တာဝန်ရှိသူများက စက်ရုံ၏ ထုတ်လုပ်/ဖြန့်ဖြူးမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ဆည်စက်ရုံများ နယ်မြေရှိ စက်ရုံမှူးများအား တွေ့ဆုံမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မှန်ချက် သဲထုတ်လုပ်နိုင်မည့် ယင်းစွဲ တောင်ပေါ်သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက မှန်စက်ရုံ စီမံကိန်း အကောင်အထည်ဖော်မည့် နေရာကိုမြေပုံဖြင့်ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး ကုန်ကြမ်း ကြိတ်စက်၊ ကုန်ချောကြိတ်စက်များကိုလည်းကောင်း၊ ဘိလပ်မြေ အိတ်သွတ်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဘိလပ်မြေအိတ်ထုတ်လုပ်မှု လုပ်ငန်းများအား ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အဆင့်မြင့် မီးခံအုတ်စက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိစစ်ဆေးပြီး ထုတ်လုပ်ပြီး မီးခံအုတ်များကိုကြည့်ရှုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ရက်က ကျင်းပရာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်တို့က ကျောင်းဆိုင်းဘုတ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးသန်းဌေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းက အထက်တန်းကျောင်းခွဲ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် စစ်ကုန်းဆရာတော် ဘဒ္ဒန္တဦးကောဝိဒက ကွန်ပျူတာ တစ်လုံး၊ ကတုံးပေါ်အလယ် ကျေးရွာပြည်သူများက ကွန်ပျူတာ တစ်လုံး၊ ကတုံးပေါ်အလယ် ဓမ္မရက္ခိတ မူလလယ်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝရက ငွေကျပ်သုံးသိန်းခွဲတန် ရေချမ်းစင်၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်း၊ ဒေါ်ပုစိန် မိသားစုတို့က ငွေကျပ် ၁၀သိန်းတန် စက်ရေတွင်း၊ ဦးတင်မြနှင့် သားများက ငွေကျပ် ၁၀သိန်းတန် မီးစက်တစ်လုံး၊ ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်မြ မိသားစုက ငွေကျပ်နှစ်သိန်းတန် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး ဦးသိန်းမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၂၄၅ အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညွန့်ရွှေက ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် သန်လျင်မြို့ မန်ကျည်းတန်းပိုင်း ဗိုလ်ချုပ်ရွာနေ အဘွား ဒေါ်တင်နု၏(၈၅) နှစ်မြောက် မွေးနေ့အလှူအတွက် အဘွားနှင့်မြေး ဒုတိယဗိုလ်ကျော်ဇေယျာ ကောင်းမှု ငွေကျပ်နှစ်သိန်းတစ်သောင်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

**၂၇-၁၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၄၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆း၃၅ | ၁၄။ | လှုပ်လှုပ်ရှားရှား ပုံရိပ်များ |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၄) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း-၁၈) |



■ **ရှေ့ဖုံးမှ**

ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက် ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စား လှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက် ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ (၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)၊ ကချင်ပြည်နယ်အထူးဒေသ (၁)၊ ကချင်ပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ (၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)(နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက်၁၁နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှဦးမောင်ကြီးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန် ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာ တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားခံကျင်းပရေးလုပ်ငန်း ကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ကဆောင်ရွက်သည်။

## စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၉ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၉၈ရာခိုင်နှုန်းရှိ ၍ အမျိုးသားညီလာခံစုံညီ အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင် မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ကိုးဦးတို့မှ စုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ အကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ ယင်းပါတီမှ ကိုယ်စားလှယ်

## သဘာပတိအဖွဲ့

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။** (သတင်းစဉ်)

ဦးသက်ဝေက ယခု မိမိဖတ်ကြားတင်ပြမည့် အကြံပြုချက် စာတမ်းသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီ ဖတ်ကြားတင်ပြသွားသည့် အကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှဖြစ်ပါသောကြောင့် အချိန်ကိုလေးစားသောအားဖြင့် ဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ သဘာပတိအဖွဲ့ထံ အပ်နှံသွားမည် ဖြစ်ပါကြောင်းဖြင့် တင်ပြပြီး သဘာပတိထံ အပ်နှံသည်။

## သဘာပတိထံအပ်နှံ

ဆက်လက်၍ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ ရွေးချယ်ခံကိုယ်စားလှယ် ဦးစံသာအောင်က ယခု မိမိ ဖတ်ကြားတင်ပြမည့် အကြံပြုချက် စာတမ်းသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးမောင်ပိန်(ခေါ်)ဦးခင်မောင်သိဏ်းဖတ်ကြားတင်ပြသွားသည့်အကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှဖြစ်ပါသောကြောင့် အချိန်ကိုလေးစားသောအားဖြင့် ဖတ်ကြားတင်ပြခြင်းမပြုတော့ဘဲသဘာပတိအဖွဲ့ထံ အပ်နှံသွားမည် ဖြစ်ပါကြောင်းဖြင့် တင်ပြပြီး သဘာပတိထံ အပ်နှံသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် သုံးဦးတို့ စုပေါင်းတင်ပြသည့် အကြံပြုချက် စာတမ်းကို အပိုင်း (၃)ပိုင်းခွဲပြီး တင်ပြကြရာတွင် ရှေးဦးစွာ ချင်းပြည်နယ် ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလက ကိုယ်စားလှယ် ဒေါက်တာမူထန်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁ နာရီမိနစ် ၅၀ တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ပြန်လည် ကျင်းပရာ တစ်သီး ပုဂ္ဂလကိုယ်စားလှယ် သုံးဦး စုပေါင်းတင်ပြသည့် အကြံပြုချက် စာတမ်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

## ဆက်လက်ဖတ်ကြားတင်ပြ

ထို့နောက် တစ်သီးပုဂ္ဂလကိုယ်စားလှယ် သုံးဦးစုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ ၃နာရီ ၅မိနစ်တွင် ခေတ္တရပ်နားသည်။

**(တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် သုံးဦး စုပေါင်းတင်ပြသည့် အကြံပြုချက် စာတမ်းကို သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ ၃နာရီ မိနစ် ၂၀တွင် ပြန်လည်ကျင်းပရာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ်များဖြစ်ကြသည့် ဦးတင်ဝင်းအပါ အဝင် ခြောက်ဦးအဖွဲ့၏ စုပေါင်းတင် ပြသည့် အကြံပြုချက်စာတမ်းကို အပိုင်း နှစ်ပိုင်းခွဲ၍ တင်ပြကြရာတွင် ပထမဦးစွာ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးတင်ဝင်းက ဖတ်ကြားတင်ပြသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးတင်ဝင်းအပါအဝင်ခြောက်ဦးအဖွဲ့၏ စုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းကို တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးသိမ်းကြည်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ ၄နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

**(တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ခြောက်ဦးစုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)**

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# မော်ကွန်းတင်ထိုက်သူများ

❒ အနာဂတ်နိုင်ငံတော်၊ ရုပ်လုံးပေါ်ဖို့
မှန်းမျှော်တွေးဆ၊ ဒို့မြင်ရပြီ
"ဝါဒစွဲကင်း၊ သံသယရှင်းစွာ"
စိတ်ရင်းဖြူစင်၊ အမြင်ချင်းဖလှယ်
ကြီးငယ်မရှိ၊ ပကတိရိုးသား
ဒို့သွေးသားချင်း၊ လေးစားပြန်လှန်
ညီလာခံတွင်၊ သင်တို့ဆွေးနွေး
တိုင်းရေးပြည်ရာ၊ အဖြာဖြာသည်
မြန်မာသမိုင်းသစ်၊ ရွှေတစ်ခေတ်ကို
ဖွင့်လှစ်ကြေညာ၊ နောင်သောခါတွင်
**"အခိုင်အမာမော်ကွန်းတင်လိမ့်မည်။"**

❒ ပြည်ထောင်စုသား၊ ကိုယ်စားလှယ်များလည်း
အားလုံးပါဝင်၊ ညောင်နှစ်ပင်မှာ
ရွှေညီလာခင်း၊ ဒို့သွေးချင်းတွေ
အမိမြေ၏၊ အခြေခံအုတ်မြစ်
နိုင်ငံသစ်အတွက်၊ နက်နက်ရှိုင်းရှိုင်း
သမိုင်းတစ်ခေတ်၊ တွင်ကျန်ရစ်အောင်
စွမ်းဆောင်ပေးသွား၊ ကာလများသည်
ခမ်းနားထည်ဝါ၊ နောင်သောခါတွင်
**"အခိုင်အမာမော်ကွန်းတင်လိမ့်မည်။"**

❒ သမိုင်းပေးတာဝန်၊ ကျေပွန်ခဲ့ပြီ
သင်တို့သည်ကား၊ မွေးဖွားချက်ကြွေ
ဇာတိမြေကို၊ အရှည်တည်တံ့
ကြံ့ကြံ့ခိုင်ခိုင်၊ ရပ်တည်နိုင်အောင်
နိုင်ငံလူမျိုး၊ အကျိုးတစ်ခု
ပြုစုတည်ဆောက်၊ ခရီးပေါက်ခဲ့
တစ်ယောက်မှတစ်ရာ၊ တစ်ရာမှတစ်သောင်း
သန်းပေါင်းငါးဆယ်ကျော်၊ နိုင်ငံတော်၏
မျှော်မှန်းချက်တစ်ခု၊ အောင်မြင်မှုအတွက်
စုစုဝေးဝေး၊ အမျိုးသားရေးမို့
သွေးစည်းချစ်ခင်၊ အကောင်းမြင်ဝါဒ
ကျင့်သုံးကြ၍၊ မြန်မာ့ရှေ့ရေး
မျှော်ခေါ်တွေးပြီး၊ အလေးအနက်ထား
အမျိုးသားညီလာခံ၊ ဝန်းရံစုပေါင်း
သမိုင်းကြောင်းမှာ၊ ထိုက်တန်စွာဖြင့်
ပါဝင်ခဲ့သူ၊ သင်တို့မူကား
ခမ်းနားထည်ဝါ၊ နောင်သောခါတွင်
**"အခိုင်အမာမော်ကွန်းတင်လိမ့်မည်---။"**

(အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုလျက်-)

**ဟသ်ာတမြင့်ငွေ**



ရုရှားနိုင်ငံမြောက်ပိုင်း ပလီဆက် အာကာသယာဉ်စခန်းမှ မာရီဒီးယန် အမည်ရှိ ဂြိုဟ်တုအား သယ်ဆောင်သွားသည့် ဆိုယုဇ်-၂ ဒုံးပျံယာဉ်ကို ဒီဇင်ဘာ ၂၄ ရက်က လွှတ်တင်လိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

# မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

## တရုတ်လူငယ်များ ကျန်းမာကြံ့ခိုင်ရေး အစိုးရအလေးထားဦးစားပေး

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်မှုလျော့နည်းလာခြင်းကို ပြုပြင်တွန်းအားပေးရန် ရည်ရွယ်၍ တရုတ်ပညာရေးအာဏာပိုင်များက ကိုယ်လက်လှုပ်ရှား ကျန်းမာရေး၊ ပညာပေးလုပ်ငန်းကို အလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

**ပြုပြင်မွမ်းမံ**

ပေကျင်းမြို့တော်၌ စာသင်ကျောင်း၊ အားကစားကွင်း ၃၀၀ ကို ပြုပြင်မွမ်းမံရန် ပေကျင်းမြူနီစီပယ် အုပ်ချုပ်ရေးအဖွဲ့က အမေရိကန် ဒေါ်လာ ၈၁သမ ၅ သန်းကျော် စိုက်ထုတ်အကုန်အကျခံကြောင်းဖြင့် ပညာရေးဝန်ကြီး မစ္စတာချောင်းက ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဂျပန်က အာရပ်နိုင်ငံများသို့ ကုန်ပစ္စည်းများတိုးမြှင့်တင်ပို့

အမ္မာန် ဒီဇင်ဘာ ၂၆

**ဂျပန်နိုင်ငံသည် ယခုနှစ် ပထမ ကိုးလအတွင်း အာရပ်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁ဒသမ၃၁ ဘီလီယံဖိုး ကုန်ပစ္စည်းများတင်ပို့ခဲ့ကြောင်း၊ ယခုကဲ့သို့ တင်ပို့နိုင်မှုသည် နှစ်ချင်းအလိုက် ၁၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဂျပန်သတင်းဌာန ပီထရာက သတင်းထုတ်ပြန်သည်။**

ထိုသို့ တင်ပို့ရာတွင် အဆိုပါကာလအတွင်း နိုင်ငံထုတ်ကုန် တန်ဖိုး၏ ၄၄ ရာခိုင်နှုန်းရှိကြောင်း ဂျပန်နိုင်ငံ၏ တရားဝင်စာရင်းဇယားများအရ သိရှိရသည်။

**တင်ပို့**

ဂျပန်နိုင်ငံက အာရပ်နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် အီရတ်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆီးရီးယားနိုင်ငံတို့ ဖြစ်ပြီး ပြည်ပတင်ပို့မှု၏ ၆၈ ရာခိုင်နှုန်းရှိကြောင်း အဆိုပါသတင်း၌ဆက်လက် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ အဓိကတင်ပို့သည့် ကုန်ပစ္စည်းမှာ အသင့်ဝတ် အထည်များဖြစ်ပြီး အများဆုံးတင်ပို့ကြောင်း၊ ဒုတိယအများဆုံးမှာ မြေသြဇာများဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရက ထုတ်ပြန်သောကိန်းဂဏန်း၌ ဖော်ပြသည်။

ထိုပစ္စည်းများအပြင် အခြားထုတ်ကုန်ပစ္စည်းများလည်း တင်ပို့မှုအားကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် တိုးမြှင့်တင်ပို့သွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဘူတာရုံတစ်ရုံ၌ သံလိုက် လျှပ်ပြေး ရထားတစ်စီးကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးရန် ဂြိုဟ်တုသစ်တစ်စင်း ရုရှားလွှတ်တင်

မော်စကို ဒီဇင်ဘာ ၂၆

**ရုရှားအာကာသအဖွဲ့က နိုင်ငံ၏ အရှေ့ဖျားနှင့်မြောက်ပိုင်းတို့တွင် ဆက်သွယ်ရေးဝန်ဆောင်ပေးမှုများ တိုးတက်မှုရှိစေရန်အတွက် ဆက်သွယ်ရေးဂြိုဟ်တုအသစ်တစ်စင်းကို ဒီဇင်ဘာ ၂၄ ရက်က လွှတ်တင်လိုက်ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

ဆိုယုဇ်-၂ ဒုံးပျံယာဉ်သည် မာရီဒီးယန်းအမည်ရှိ ဂြိုဟ်တုကို သယ်ဆောင်လျက် မော်စကို စံတော်ချိန် နံနက် ၁၁ နာရီ ၃၄ မိနစ်က ရုရှားမြောက်ပိုင်း ပလီဆက် အာကာသစခန်းမှ လွှတ်တင်လိုက်ခြင်း ဖြစ်ကြောင်း အင်တာဖက်စ်နှင့် အီတာတပ်စ်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယင်းဂြိုဟ်တုသည် ရုရှားမြောက်ပိုင်း ပင်လယ်ခရီးသွား သင်္ဘောများနှင့် ဆားဘီးယားမြောက်ပိုင်း၊ ရုရှားအရှေ့ဖျားတို့တွင် ဆက်သွယ်ရေးကွန်ရက် တိုးချဲ့ရာ၌ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မလေးရှား၌ ရေလွှမ်း မိကျောင်းအန္တရာယ်ကြုံတွေ့

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၆**

မလေးရှားနိုင်ငံ တောင်ပိုင်း၌ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပြီး မိကျောင်းမွေးမြူရေးကန်များမှ မိကျောင်း ၁၅ ကောင် လွတ်ထွက်နေ၍ ဒေသရေဘေးဒုက္ခသည်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေကြောင်း ဒေသဆိုင်ရာ မီဒီယာက ဒီဇင်ဘာ ၂၄ ရက်တွင် ဖော်ပြသည်။

**ပြောကြား**

အဆိုပါ မိကျောင်း ၁၅ ကောင်သည် ဂျိုဟာပြည်နယ် မူယာရှိ ရေလွှမ်းဒေသ၌ ရေထဲတွင်သွားလာနေကြသူများအား ခြိမ်းခြောက်နေကြောင်း ယင်းဒေသ ကျေးရွာသားများက ပြောကြားသည်။

**ဖော်ပြ**

ထို့အပြင် မိကျောင်းများကို အခြားကျေးရွာများ၌လည်း တွေ့ခဲ့ရကြောင်း ဘာနားမားသတင်းဌာနက ကိုးကားဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အင်ဒိုနီးရှား၌ ရေကြီး ၂၉ ဦးသေဆုံး၊ ငါးဦးပျောက်ဆုံး

ဂျကာတာ ဒီဇင်ဘာ ၂၆

**အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်နှင့် ဆူမတြားမြောက်ပိုင်းတို့၌ ဒီဇင်ဘာ ၂၂ ရက်မှစ၍ ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၉ ဦး သေဆုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း ကျန်းမာရေးဝန်ကြီး ရူစတန်ပါကာယာက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားလိုက်သည်။**

သေဆုံး

**ယင်းတို့မှ ၁၇ဦးမှာ ဆူမတြားမြောက်ပိုင်း၌ သေဆုံးခဲ့ခြင်းဖြစ်ပြီး ၁၂ ဦးမှာ အာချေးပြည်နယ်၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားသည်။**

**မိုးများသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေလျှံမှုများလည်း ဖြစ်ပွားခဲ့ကြောင်း၊ ယင်းမိုးသည်းထန်မှုကြောင့် အာချေးပြည်နယ် ဘီနာမာရိန်း၌လည်း မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း ၎င်းကပြောကြားသည်။** (အောက်ပုံ)

အမ်အင်အေ၊ဆင်ဟွာ



## အီရန် နျူကလီးယားပြဿနာ ဖြေရှင်းရေး စေ့စပ်ဆွေးနွေးရန် အိုင်အေအီးအေ တိုက်တွန်း

**ဗီယင်နာ ဒီဇင်ဘာ ၂၆**

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ စေ့စပ်ဆွေးနွေးခြင်းဖြင့်ဖြေရှင်းရန် ဆက်လက်ကြိုးပမ်းဖို့ အိုင်အေအီးအေ အကြီးအကဲ အယ်ဘာရာဒေးက နိုင်ငံအသိုင်းအဝိုင်းသို့ မကြာမီက တိုက်တွန်းလိုက်သည်။

**တိုက်တွန်း**

အီရန်နိုင်ငံအား ကန့်သတ် အရေးယူပိတ်ပင်စေသည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စောစောပိုင်းက ချမှတ်ပြီးနောက် အိုင်အေအီးအေ အကြီးအကဲ အယ်ဘာရာဒေးက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

**ဆွေးနွေး**

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးဆိုင်ရာကောင်စီ ဆုံးဖြတ်ချက်၏ သက်ဆိုင်ရာအစိတ်အပိုင်းများကို အိုင်အေအီးအေက အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ သို့သော် ရေရှည်အဖြေရှာရေးမှာ စေ့စပ်ဆွေးနွေးခြင်းနှင့် အပြန်အလှန်လိုက်လျောမှုပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

**လုပ်ဆောင်**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့သော်လည်း အီရန်နိုင်ငံက နျူကလီးယား အစီအစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်



ရန်ကုန် ဒီဇင်ဘာ ၂၆

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် သုံးဦးတို့ စုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊
အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊
အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊
အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော်ကတော့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်ဖြစ်ပါတယ်။ သဘာပတိကြီးနဲ့တကွ သဘာပတိ အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ ပြည့်စုံပြီးလိုရာဆန္ဒများနဲ့ ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယခုအကြံပြုမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းဆိုင်ရာ စာတမ်းတို့ကို ကျွန်တော်နဲ့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့ စုပေါင်းအကြံပြုရေးသားခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်းဆိုင်ရာ အပိုင်းကို ကျွန်တော်က ဖတ်ကြားတင်ပြမှာဖြစ်ပြီး ကျန်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းကို ဦးအောင်သိန်းကလည်းကောင်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းကို ဦးထွန်းကျော်ကလည်းကောင်း ဖတ်ကြားတင်ပြမှာ ဖြစ်ကြောင်း ပဏာမအနေနဲ့ တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်နိုင်ငံကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းကြရပါတယ်။ ပြည်သူ၊ ပြည်သားများကို ဖြည့်ဆည်းပေးကြရပါတယ်။ ထိန်းသိမ်းစောင့်ရှောက်ပေးကြရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်ရှုလေ့လာခြင်းအားဖြင့် ထိုနိုင်ငံဟာ မည်သည့်နိုင်ငံမျိုးဖြစ်တယ်၊ မည်သည့်ပုံစံဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်ထားတယ်၊ မည်သူတို့ကို ကာကွယ်အကျိုးပြုတယ်၊ မည်သို့ရပ်တည်ဆောင်ရွက်လိမ့်မယ် အစရှိတဲ့အခြေခံမူများကို တွေ့မြင်နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးမျိုးတင်စား၍ ခေါ်ဝေါ်ကြလေ့ရှိရာ နိုင်ငံ့ကျောရိုးဟူ၍ လည်းကောင်း၊ နိုင်ငံ၏ အသက်သွေးကြောဟူ၍လည်းကောင်း၊ နိုင်ငံ၏ကြေးမုံဟူ၍လည်းကောင်း ခေါ်ဝေါ်ကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ့ရေးရာများနှင့် ပြည်သူ့ရေးရာများကို ဖော်ဆောင်ကြရမယ့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအနေဖြင့် ရပ်တည်ဖော်ဆောင်ကြရမယ့် အခြေခံမူများကိုလည်းကောင်း၊ ပြည်သူ၊ ပြည်သားတို့အား အာမခံရမယ့် အကြောင်းအချက်များကိုလည်းကောင်း၊ ပြည်သူ၊ ပြည်သားတို့အနေဖြင့် ပူးပေါင်းပါဝင်ကြရမည့် အခန်းကဏ္ဍကိုလည်းကောင်း ဖော်ညွှန်းထားရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ လူတစ်ဦး၊ လူတစ်စု၊ လူတစ်ဖွဲ့၏ အရေးအရာမဟုတ်ဘဲ နိုင်ငံသားတိုင်း၏ အရေးအရာဖြစ်တယ်။ နိုင်ငံသားတိုင်းနှင့် သက်ဆိုင်ပတ်သက်နေတယ်ဆိုတာကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများကိုလည်းကောင်း ပြည်သူ၊ ပြည်သားတိုင်း စိတ်ပါဝင်စားဖို့ လိုအပ်သလို နားလည်သဘောပေါက်ထားရန်လည်း လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကြီးကနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့်အခန်း(၁၅)ခန်းအတွက် အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ပေးနေတာဖြစ်ပါတယ်။ ယခုကျင်းပဆဲဖြစ်တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နောက်ဆုံးကျန်ရှိတဲ့ အခန်း(၄)ခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းနေပါတယ်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားစေရေးနှင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့ကို အခြေခံထားပြီး မူတွေကိုသတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးကနေပြီး ချမှတ်ပေးထားသော အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို အခြေခံထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းမှာဖြစ်ရာ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ၊ ပြည်သားများဖြစ်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုများအားလုံးကို အကျိုးဖြစ်ထွန်းစေနိုင်လိမ့်မယ်လို့လည်း ယုံကြည်ယူဆပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခန်းတစ်ခန်းအဖြစ် ပါဝင်မယ့် **“ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း”**အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့်စပ်လျဉ်းပြီး တင်ပြဆွေးနွေးလိုပါတယ်။ လူတို့၏ အတွေးအခေါ်များ၊ ကြံစည်အားထုတ်မှုများနှင့် အသိပညာများဟာ မည်သည့်အခါမှ ပုံသေကားချပ်ရပ်တည်နေမည် မဟုတ်ပါ။ အတွေ့အကြုံ များ၊ ဗဟုသုတများဟာလဲ ရပ်တန့်မနေဘဲ အစဉ်ရှင်သန်တိုးတက်လျက်ရှိကြပါတယ်။ ထိုသို့ တိုးတက်



**ဖတ်ကြားတင်ပြ**

**ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာ မှုထန် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်သုံးဦးတို့၏ အကြံပြု စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

ပြောင်းလဲနေသော အခြေအနေများနှင့်အညီ လိုက်ဖက်ညီစေမည့်၊ အံဝင်ခွင်ကျဖြစ်မည့်ပြောင်းလဲမှုများ၊ နုတ်ပယ်အစားထိုးမှုများ၊ တိုးမြှင့်ဖြည့်စွက်မှုများကိုကား အချိန်အခါ၊ အခြေအနေလိုက်၍ ပြုလုပ်နေကြရမှာသာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် ဖြစ်ပေါ်ပြောင်းလဲလာတဲ့ ခေတ်ကာလအခြေအနေအရဖြစ်စေ၊ အချိန်ကာလအရဖြစ်စေ ပြင်ဆင်ဖို့လိုအပ်လာရင် ခေတ်ကာလနဲ့အညီ ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ ပြင်ဆင်ခွင့်နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေဟာ သိပ်တင်းကျပ်လွန်းနေရင် ပြင်ဆင်ရန်ခက်ခဲတာနဲ့အမျှ ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်လာနိုင်မှာမဟုတ်ပါ။ ထို့အတူ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာလဲ ပြောင်းလဲလာတဲ့အချိန်ကာလနဲ့အညီ အံဝင်ခွင်ကျဖြစ်လာနိုင်မှာမဟုတ်ပါ။ ပြောင်းလဲပြင်ဆင်သင့်ပါလျက် မပြောင်းလဲ၊ မပြင်ဆင်နိုင်လို့ မူလဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေရမယ်ဆိုပါက လုပ်ငန်းပိုင်းဆိုင်ရာတွင် အခက်အခဲများ၊ အနှောင့်အယှက်များနှင့် ရင်ဆိုင်ကြုံတွေ့လာရမှာ အမှန်ပင်ဖြစ်ပါတယ်။ တစ်ခါဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခွင့်ကို လွယ်လင့်တကူ ခွင့်ပြုလိုက်မယ်ဆိုပြန်ရင်လဲ ပြင်ပြီးရင်းပြင်ရင်းနဲ့ အခြေခံဥပဒေရဲ့ အနှစ်သာရတွေ ပျက်ယွင်းသွားနိုင်ပါတယ်။ ထိုနည်းတူစွာ မူလထားရှိခဲ့တဲ့ သဘောထားတွေနဲ့လဲ ကွဲလွဲသွားနိုင်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခွင့်ကို သတ်မှတ်ပြဋ္ဌာန်းတဲ့အခါမှာ သိပ်ပြီး တင်းကျပ်လွန်းခြင်းဆိုတဲ့ အစွန်းတစ်ဖက်နဲ့ လွယ်ကူလွန်းခြင်းဆိုတဲ့ အစွန်းတွေကို ရှောင်ရှားနိုင်ဖို့ လိုပါလိမ့်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ ပြဋ္ဌာန်းသတ်မှတ်တဲ့နေရာမှာ မဈိုမပဋိုပဒါ အလယ်အလတ် လမ်းစဉ်အတိုင်းသာ စဉ်းစားကျင့်သုံး သတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာကျင့်သုံးခဲ့ကြတဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး သီးခြားအခန်းတစ်ခန်းအဖြစ် ပြဋ္ဌာန်းခဲ့ကြတာကို ဖတ်ရှုလေ့လာတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်နိုင်ဖို့ အကြောင်းပေါ်ပေါက်လာခဲ့ရင် ဘယ်လိုနည်းလမ်းတွေနဲ့ ပြင်ဆင်ရမယ်ဆိုတာကို သတ်မှတ်ထားဖို့လိုပါလိမ့်မယ်။ အဲဒီလိုပြင်ဆင်ဖို့ နည်းလမ်းသတ်မှတ်ရာမှာ ဥပဒေကြမ်းအဖြစ် အဆိုပြုတင်သွင်းစေသင့်ပြီး ယင်းဥပဒေကြမ်းတွင် အခြားအဆိုပြုချက်များမပါရှိစေဘဲ ပြင်ဆင်လိုတဲ့ ပြဋ္ဌာန်းချက်များကိုသာ ထည့်သွင်းဖော်ပြဖို့လဲ သတ်မှတ်ထားသင့်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလဲ အထက်ပါအတိုင်း ဖော်ပြထားတာကို လေ့လာတွေ့ရှိ ရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့လိုအပ်လာရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ဥပဒေမူကြမ်းအဖြစ် တင်သွင်းကြရမှာဖြစ်ကြောင်းနဲ့ တင်သွင်းမယ့် ဥပဒေမူကြမ်းတွင် အခြားအဆိုများမပါရှိသင့်ကြောင်းတွေကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ဟူ၍ ပေါ်ပေါက်လာမည်ဖြစ်ရာ ဥပဒေမူကြမ်းကို မည်သည့်လွှတ်တော်က စတင်ပြီး တင်သွင်းရမယ်ဆိုတာကို သတ်မှတ်ထားဖို့ လိုအပ်လာပါတယ်။ လွှတ်တော်နှစ်ရပ်ရှိတဲ့ နိုင်ငံတချို့မှာ မည်သည့်လွှတ်တော်မှာ စတင်တင်သွင်းရမယ်လို့ အတိအကျ သတ်မှတ်ထားလေ့ရှိတာကို လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ဥပဒေတွေအနက် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို ပါလီမန်လွှတ်တော်တစ်ရပ်ရပ်၌ စတင်တင်သွင်းနိုင်သည်ဟုလည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခြေခံဥပဒေ ပြင်ဆင်ရန်အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်းဖော်ပြခဲ့ကြပါတယ်။ နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ နှစ်ရပ်ရှိမှာဖြစ်ပြီး ယင်းလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟုခေါ်ဆိုမှာဖြစ်သလို ပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေများကိုရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေမူကြမ်း တင်သွင်းရမယ့် လွှတ်တော်နှင့်ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးမယ့် ပြည်ထောင်စုလွှတ်တော်ကိုသာသတ်မှတ်ထားရှိ သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုလွှတ်တော်သို့ဥပဒေမူကြမ်းတင်သွင်းတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက်တင်သွင်းခြင်းကို ခွင့်မပြုသင့်ပါ။ သင့်တော်မယ့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သတ်မှတ်ထားပြီး ယင်းပြဋ္ဌာန်းချက်နဲ့ ကိုက်ညီမှသာ ဥပဒေမူကြမ်းကို တင်သွင်းခွင့် ပြုစေသင့်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြင်ဆင်ချက်ဥပဒေမူကြမ်းကို လွှတ်တော်တစ်ရပ်ရပ်မှာ စတင်တင်သွင်းပြီး စတင်တင်သွင်းတဲ့ လွှတ်တော်က အတည်ပြုပြီးမှ လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးမှာ စဉ်းစားဆွေးနွေးရမယ်လို့ သတ်မှတ်ထားခဲ့ပါတယ်။ နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ပြင်ဆင်ချက်မူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့သာ တင်သွင်းရမယ့် အခြေအနေရှိရာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် မည်ရွေ့မည်မျှက တင်ပြတောင်းဆိုလာလျှင် တင်သွင်းခွင့်ပြုသင့်ကြောင်း သတ်မှတ်ထားသင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၄၀ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၂၄ ဦး၊ လွှတ်တော်နှစ်ရပ်ပေါင်း ၆၆၄ ဦးပါရှိမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ကိုယ်စားလှယ်ဦးရေ ၁၆ ဦးစီဖြင့်ဖွဲ့စည်းမှာဖြစ်ပါတယ်။ သို့ဖြစ်သည့် အားလျော်စွာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ အနေဖြင့် မိမိတို့နယ်မြေဒေသအရဖြစ်စေ၊ ခေတ်ကာလအခြေအနေအရဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သတ်မှတ်ပေးရန် တင်ပြဖို့လိုအပ်ကောင်း လိုအပ်လာနိုင်ပါတယ်။ အဲဒီလို အခါမျိုးမှာ ပြင်ဆင်ချက်ဥပဒေမူကြမ်း တင်သွင်းခြင်းနှင့် စပ်လျဉ်းပြီးအဆင်ပြေချောမွေ့နိုင်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာခဲ့လျှင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက် ဥပဒေမူကြမ်းကို လက်ခံဆွေးနွေးစေသင့်ပါတယ်။ ဒါကြောင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ **“ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်များကို မည်သို့ပြင်ဆင်ရမည်ဆိုတဲ့ အချက်နဲ့စပ်လျဉ်းလို့ ဆက်လက်တင်ပြဆွေးနွေးလိုပါတယ်။ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဓိကပြဋ္ဌာန်းချက်များကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြည်သူအများစုရဲ့ ဆန္ဒဖြင့်ပြင်ဆင်တဲ့ နိုင်ငံများကိုတွေ့ရှိရသလို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း သဘောတူညီချက်ဖြင့် ပြင်ဆင်တဲ့ နိုင်ငံများကိုလည်း တွေ့ရှိရပါတယ်။ တချို့နိုင်ငံများမှာတော့ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ အချိုးကျဆန္ဒမဲဖြင့် ပြင်ဆင်နိုင်ကြောင်း ပြဋ္ဌာန်းထားကြတာတွေလည်း ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ လွှတ်တော်နှစ်ရပ်၏ လက်ရှိအမတ်များအနက် သုံးပုံနှစ်ပုံအောက်မလျော့သော အမတ်များက တွဲဖက်အစည်းအဝေးတွင် ထောက်ခံမဲပေးမှသာလျှင် ထိုဥပဒေမူကြမ်းကို လွှတ်တော်နှစ်ရပ်လုံးကအတည်ပြုတယ်လို့ မှတ်ယူခဲ့ပါတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ အဓိကကျသည့်ပုဒ်မများကို ပြင်ဆင်ရန်ရှိလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာ ခိုင်နှုန်းက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း၊ အခြားပြဋ္ဌာန်းချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း သီးခြားအခန်းတစ်ခန်းအဖြစ် ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ် ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်။**

# ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်

*စာမျက်နှာ ၅ မှ*

**သဘာပတိကြီးခင်ဗျား–**

ယခုကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးဟာ (အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ)ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အခါမှာ အခြေခံထားရှိနိုင်ဖို့အတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်နေတာသာဖြစ်တာကြောင့် အခန်းလိုက်၊ ပုဒ်မအလိုက်ခွဲခြားဖော်ပြပြီး သတ်မှတ်ထားရန် အခြေအနေရှိဦးမည်မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်လာတဲ့အခါမှာ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အခါမှသာပြင်ဆင်လိုသည့်အခန်းနဲ့ ပုဒ်မများအလိုက် ပြင်ဆင်ရာတွင် လိုက်နာရမယ့်နည်းလမ်းများကို အသေးစိတ်ဖော်ပြပြီး ပြဋ္ဌာန်းသတ်မှတ်ထားပေးသင့်ပါတယ်။ ယခုလောလောဆယ်တွင်မူ ချမှတ်ထားပြီးဖြစ်တဲ့ အခန်းအလိုက် ခေါင်းစဉ်များအပေါ်အခြေပြု၍ မည်သည့်အခန်းကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်နိုင်တယ်လို့သာ သတ်မှတ်ထားသင့်ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင်–

“(က) **ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်** ဟုလည်းကောင်း၊

(ခ) **အပိုဒ်(က)တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်**”ဟုလည်းကောင်း ပါရှိပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်လို့ သတ်မှတ်ထားရှိခြင်းဟာ ပြည်ထောင်စုလွှတ်တော်တစ်ခုလုံး၏ ကိုယ်စားလှယ်ဦးရေ လေးပုံသုံးပုံပမာဏဖြစ်နေပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်တဲ့အတွက် များလွန်းနေတယ်လို့ ထင်မြင်ယူဆပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားခဲ့သလို သုံးပုံနှစ်ပုံထက် မလျော့သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြောင်းလဲ၊ ပြင်ဆင်သတ်မှတ်ခြင်းက ခေတ်ကာလအခြေအနေအရ ပို၍ဆီလျော်ညီညွတ်မှုရှိမယ်လို့ ကျွန်တော်တို့အနေဖြင့် သုံးသပ်ယူဆခဲ့ကြပါတယ်။

ဒါပေမယ့် အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်ကြည့်ရာတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များဟာ ဆီလျော်မှုရှိကြောင်း တွေ့ရှိခဲ့ကြပါတယ်။ ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်များကို မည်သို့ပြင်ဆင်ရမည်ဆိုခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ်တွင် အခြေပြုပြီး “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း”အခန်းနဲ့စပ်လျဉ်း၍–

၁။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါသတ်မှတ်ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်–**

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။**

(ခ) **ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ။**

၂။ **ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်။**

၃။ **ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်။**

၄။ (က) **ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့် ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

(ခ) **အပိုဒ်(က)တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြား ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့် ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

(ဂ) **အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင်အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲသည့်အခါ ထည့်သွင်းပြဋ္ဌာန်းရမည်။**

လို့ အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါရှိမယ့် အခန်းအလိုက် ခေါင်းစဉ်များအနက် **“နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်**



**ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှတစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်း တစ်သီးပုဂ္ဂလကိုယ်စားလှယ် သုံးဦးတို့၏ အကြံပြုစာတမ်းကို ဖတ်ကြား တင်ပြစဉ်။**
(သတင်းစဉ်)

**မြို့တော်အခန်း”** အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးလိုပါတယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့မြို့တော်များကို သတ်မှတ်ထားလေ့ရှိကြပါတယ်။ အဲဒီလို သတ်မှတ်တဲ့နေရာမှာ တချို့နိုင်ငံများအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြ ပြဋ္ဌာန်းကြတာရှိသလို တချို့နိုင်ငံများမှာကျတော့ ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ကြတာကိုလည်း တွေ့ရှိရပါတယ်။

ရှေးဦးစွာ နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး တင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံတော်အလံကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းတဲ့အခါ နိုင်ငံတော်အလံကို မည်သို့မည်ပုံသတ်မှတ်ရန်ကိစ္စကိုသာ အဓိကထားပြီး ပြဋ္ဌာန်းလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံကို သတ်မှတ်ကြရာမှာလည်း သက်ဆိုင်ရာ နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံရဲ့ ဖြစ်ပေါ်ခဲ့တဲ့သမိုင်းကြောင်းကို အဓိကအခြေခံထားရှိပြီး သတ်မှတ်လေ့ရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅မှာ – **“နိုင်ငံတော်အလံ၏ပုံမှာ ထောင့်မှန်စတုဂံပုံဖြစ်သည်။ အလံမှာအနီရောင်ခံဖြစ်၍၊ လက်ဝဲဘက် အထက်ထောင့်၌ အပြာရင့်အခန်းဖွင့်ပြီးလျှင် ထိုအပြာရင့်အခန်းအလယ်တွင် ရောင်ခြည်လက်ငါးခုရှိသော ကြယ်ဖြူကြီးတစ်ပွင့်ထားရှိသည်။ ထိုကြယ်ဖြူကြီး၏ ရောင်ခြည်လက်များအကြားတွင် ရောင်ခြည်လက်ငါးခုစီရှိသော ကြယ်ဖြူငယ် ငါးပွင့်ကို တစ်ပွင့်စီသွင်းရံထားရမည်။ ကြယ်ဖြူကြီးနှင့်တကွ သွင်းရံထားသော ကြယ်ငယ်များ၏ ရောင်ခြည်လက်များအနက် တစ်ခုစီသည် အလံ၏အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။ အလံတစ်ခုလုံး၏ အတိုင်းအတာမှာ အလျား ၉ ပေ၊ အနံ ၅ပေ၊ အပြာရင့်အခန်းမှာ အလျား ၄ ပေ၊ အနံ ၂ ပေ ၆ လက်မ၊ ကြယ်ကြီးအတွက် ထောင့်စွန်းများကို ဆက်၍ဆွဲထားသော စက်ဝိုင်း၏ အချင်းမှာ ၁၈ လက်မ၊ ကြယ်ငယ်အတွက် ၉ လက်မ ဖြစ်သည်။ အလံ၏အရွယ်မှာ ကြီး ငယ် မဟူ ထိုအချိုးအစားအတိုင်း ကိုက်ညီနိုင်သမျှ ကိုက်ညီရမည်။”** လို့ဖော်ပြပါရှိပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ မှာ **“နိုင်ငံတော်အလံသည် အောက်မှာဖော်ပြထားသည့်အတိုင်းဖြစ်သည်”** လို့ ပြဋ္ဌာန်းထားရှိပြီး အလံတော်ရဲ့ ပုံသဏ္ဌာန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာပင် ဖော်ပြထားရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်လုံးမှာ အသုံးပြုထားတဲ့ အရောင်တွေကတော့ အနီရောင်၊ အဖြူရောင်နဲ့ အပြာရောင်များဖြစ်ကြောင်းတွေ့ရှိရပါတယ်။ အနီရောင်ရဲ့သဘောသဘာဝဟာ ရဲရင့်ပြတ်သားခြင်း၊ ဖွဲကောင်းခြင်း၊ သွေးစည်းညီညွတ်ခြင်းအဓိပ္ပာယ်ဆောင်ပြီး၊ အပြာရောင်ကတော့ငြိမ်းချမ်းသာယာခြင်း၊ တည်ကြည်ခြင်းအပြင် ကောင်းကင်ရဲ့သဘော၊ နက်နဲတဲ့သဘော၊ စိတ်အေးချမ်းကြည်လင်တဲ့သဘော၊ ညဥ့်ကောင်းကင်အမိုက်မှောင်မှ အလင်းရောင်ပေါ်ပေါက်လာခြင်းသဘောကို ထင်ရှားစေလိုတာဖြစ်ပါတယ်။ အဖြူရောင်ကတော့ သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြူစင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ တည်ကြည်ခြင်းအဓိပ္ပာယ်ဆောင်ပါတယ်။ ကျွန်တော်တို့အနေဖြင့် ဒီအရောင်အသွေးတွေကို လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့တိုင်အောင် အစဉ်တစိုက် ယုံကြည်လက်ခံလာခဲ့ကြတာဖြစ်ပါတယ်။ အလံတော်မှာ ခေတ်အလိုက်ဖော်ပြပါရှိတဲ့ သင်္ကေတအမှတ်အသားတွေသာ ပြောင်းလဲခဲ့ပေမယ့် အရောင်တွေကတော့ ပြောင်းလဲမှုမရှိခဲ့ပါ။ လက်ရှိအရောင်တွေကို နိုင်ငံတော်အလံမှာ အသုံးပြုခဲ့ကြတာဟာ ရာစုနှစ်တစ်ဝက်ကျော်ခဲ့ပြီးဖြစ်ပါတယ်။ မွေးကင်းစကလေးငယ်မှအစ အသက်အရွယ်ကြီးရင့်သူတွေအဆုံး ပြည်သူ၊ ပြည်သားတွေရဲ့အမြင်အာရုံမှာ အသားကျနေပြီးဖြစ်ပါတယ်။ ခေတ်ကာလအခြေအနေ၊ အချိန်အခါအရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မည်သို့ပင်ပြောင်းလဲသတ်မှတ်စေကာမူ ပြည်သူ၊ ပြည်သားတွေနဲ့ရင်းနှီးကျွမ်းဝင်ပြီးဖြစ်နေတဲ့ နိုင်ငံတော်အလံမှာ အသုံးပြုထားတဲ့အရောင်တွေကိုတော့ ပြောင်းလဲသတ်မှတ်ရန်မသင့်ဟူ၍ ထင်မြင်ယူဆပါတယ်။ အဟောင်းကိုအခြေခံပြီး ခေတ်ကာလအခြေအနေ၊ အချိန်အခါအလျောက် လိုအပ်သလိုသာ ပြင်ဆင်ဖန်တီးသတ်မှတ်သင့်ပါတယ်။ မူလလက်ရှိအလံတော်မှာ ပယ်ဖျက်သင့်တာတွေကို ပယ်ဖျက်၊ ဖြည့်စွက်သင့်တာတွေကိုဖြည့်စွက်ပြီး သတ်မှတ်ခြင်းက ပို၍သဘာဝကျ၊ ညီညွတ်မှုရှိမယ်လို့သုံးသပ်ယူဆပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အနာဂတ်နိုင်ငံတော်အလံအတွက် အရောင်ရွေးချယ်သတ်မှတ်ရာမှာ မူလအရောင်လည်းဖြစ်၊ ယခုလက်ရှိအရောင်လည်းဖြစ်တဲ့ အနီရောင်၊ အပြာရင့်ရောင်နဲ့ အဖြူရောင်ကိုသာ ရွေးချယ်သတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ နိုင်ငံတော်အလံရဲ့ အရွယ်အစားနဲ့ပုံစံဟာလဲ ယခုလက်ရှိအချိုးအစားအတိုင်း၊ ပုံစံအတိုင်းဖြစ်ပြီး အပြာရင့်ရောင်အကွက်ထဲတွင် ပင်နယံနှင့်စပါးနှံတို့ကိုပယ်ဖျက်ကာ၊ အဖြူရောင်အရွယ်အစားတူ ကြယ်တစ်ဆယ့်လေးလုံးကိုသာ ယခုလက်ရှိအဝိုင်း၊ အဝန်းပုံစံအတိုင်းဆက်လက်ထားရှိသင့်ပါတယ်။ ချမှတ်ထားပြီးဖြစ်တဲ့အခြေခံမူများအရ နောင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အခွင့်အလမ်းတူ၊ အဆင့်အတန်းတူညီတဲ့ တိုင်းဒေသကြီး (၇)ခုနဲ့ ပြည်နယ် (၇)ခုတို့ပါဝင်ကြမှာဖြစ်ပါတယ်။ အဲဒီတိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ် (၇)ခုတို့ကိုကိုယ်စားပြုတဲ့သဘောအရလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ညွှန်းတဲ့အနေဖြင့်လည်းကောင်း အရွယ်အစားတူ ကြယ်ဖြူတစ်ဆယ့်လေးလုံးကို ထည့်သွင်းသတ်မှတ်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး–

“၁။ **နိုင်ငံတော်အလံကို အောက်ပါအတိုင်းသတ်မှတ်ရမည်– နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကိုအလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကိုအထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်**”

လို့ချမှတ်မည့်အစား–

“၁။ **နိုင်ငံတော်အလံကို လက်ရှိနိုင်ငံတော်အလံ၏ အရွယ်အစား၊ အရောင်အတိုင်းထားရှိသည်။ အပြာရင့်ရောင်အကွက်တွင် အရွယ်တူ ကြယ်ဖြူတစ်ဆယ့်လေးလုံးကို လက်ရှိနိုင်ငံတော်အလံမှာ ဖော်ပြထားသည့်အတိုင်းထားရှိပြီး၊ ကြယ်ဖြူများကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက်တည်စေရမည်**”

လို့ ပြောင်းလဲ သတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အလံနှင့်စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့် မူများအဖြစ်–

“၁။ **နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်– နိုင်ငံတော်အလံကို လက်ရှိနိုင်ငံတော်အလံ၏ အရွယ်အစား၊ အရောင်အတိုင်း ထားရှိသည်။ အပြာရင့်ရောင်အကွက်တွင် အရွယ်တူကြယ်ဖြူတစ်ဆယ့်လေးလုံးကို လက်ရှိနိုင်ငံတော်အလံမှာ ဖော်ပြထားသည့်အတိုင်းထားရှိပြီး ကြယ်ဖြူများကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**

၂။ **နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်**”

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

“နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်” သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြဆွေးနွေးမှာဖြစ်ပါတယ်။ အမျိုးသားညီလာခံမှ “နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်”ဆိုတဲ့ အခြေခံရမယ့်မူနဲ့ “နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်”ဆိုတဲ့ အခြေခံရမယ့်မူများကို ချမှတ်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများဟာ သမိုင်းစဉ်တစ်လျှောက်လုံး မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ကောင်းတူဆိုးဖက် အစဉ်လက်တွဲလျက် ညီညီညွတ်ညွတ်နေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတစ်လျှောက်လုံးမှာလဲ အနိုင်မခံအရှုံးမပေးသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်အရ ဝံသာနုရက္ခိတတရား၊ အချင်းချင်းရိုင်းပင်းကူညီမှု၊ ကိုယ်ကျိုးစွန့်မှုတို့ကို အရင်းတည်ကာ လွတ်လပ်ရေးအတွက် ဖွဲ့မာန်သတ္တိဖြင့် ညီညီညွတ်ညွတ်ကြိုးပမ်းခဲ့ကြတာဖြစ်ပါတယ်။ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့နိုင်ငံမှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်ပါတယ်။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်အောင်မြင်ရန်မှာ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်း အဆင့်အဆင့်အနေဖြင့် အချင်းချင်း ညှိနှိုင်းတိုင်ပင်ခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန်အစီရင်ခံခြင်းများရှိရမှာဖြစ်သလို အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်များနှင့် ညွှန်ကြားချက်များကိုလည်း အောက်အဖွဲ့အစည်းများက လေးစားလိုက်နာဆောင်ရွက်ခြင်း၊ အောက်အဖွဲ့အစည်းများ၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းများက အလေးဂရုပြုခြင်းများရှိနေကြရမှာဖြစ်ပါတယ်။ အထက်နဲ့အောက် ညီညီညာညာ ဖြစ်နေကြရပါမယ်။ အချင်းချင်းညှိနှိုင်းတိုင်ပင်ခြင်းကင်းပြီး ငါ့သဘောဆောင်နေမယ်ဆိုပါက မည်သည့်လုပ်ငန်းမှ အောင်မြင်နိုင်ဖွယ်ရာရှိမှာမဟုတ်ပါ။ ထို့အတူ ဒီမိုကရေစီစနစ်ဟာလည်း ရှင်သန်လာနိုင်မှာ မဟုတ်ပါ။ တိုင်းသူပြည်သားအချင်းချင်း၊ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံပြည်သူ၊ ပြည်သားများအကြား အဂတိတရားကင်းရှင်းစွာဖြင့် ညှိနှိုင်းတိုင်ပင်ပြီး ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးဆောင်ရွက်နိုင်ကြတာနဲ့အမျှ သုခတည်းဟူသော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း အသီးအပွင့်များကို ရယူခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်ဟူသော သဘောသဘာဝကို ထင်ရှားစေလိုတဲ့အတွက်လည်းကောင်း၊ စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်တယ်ဆိုတာကို အစဉ်သတိရှိနေကြစေရန်အတွက်လည်းကောင်း နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြေပုံကို ထည့်သွင်းထားရှိပြီး အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်” ဆိုတဲ့ စာသားကို ထည့်သွင်းထားရှိသင့်ပါတယ်။ လွတ်လပ်ရေးအတွက် ကိုလိုနီနယ်ချဲ့နဲ့ဖက်ဆစ်တို့ကို ပြည်သူ့အားနဲ့ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ကိုလည်း တော်လှန်ရေးအမှတ်အသားအဖြစ် နိုင်ငံတော်အထိမ်း အမှတ်တံဆိပ်မှာ ပါရှိသင့်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်တွေမှာ အစဉ်အလာအသုံးပြုခဲ့တဲ့ မြန်မာမူလက်ရာ ကေသရာဇာခြင်္သေ့ပုံနဲ့ မြန်မာ့ရိုးရာ ကနုတ်ပန်းများဖြင့် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ကို ခြယ်မှုန်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁*

စာမျက်နှာ ၆ မှ

ဒါကြောင့် **အထက်မှာ ကျွန်တော်တို့ အကြံပြုတင်ပြခဲ့တဲ့ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပုံကို ဖော်ပြပြီး–**

**"နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်သည် အောက်ဖော်ပြပါအတိုင်းဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

**"နိုင်ငံတော်သီချင်း"**နှင့်ပတ်သက်၍ ဆက်လက်တင်ပြဆွေးနွေးလိုပါတယ်။ လက်ရှိနိုင်ငံတော်သီချင်းဟာ နှစ်ပေါင်းများစွာ အသုံးပြုခဲ့တဲ့အပြင် သီချင်းစာသားများမှာလည်း အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနှင့်လာပြီး တိုက်ဆိုင်ညီညွတ်နေတဲ့အတွက်ကြောင့် လက်ရှိနိုင်ငံတော်သီချင်းကိုပင် ဆက်လက်အသုံးပြုရန်သင့်လျော်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်သီချင်းနှင့်ပတ်သက်၍ သတိထားသင့်တဲ့အချက်တစ်ချက်ကို တင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံတော်သီချင်းကို မူလရေးဖွဲ့စဉ်က သီချင်းအစတွင် "ကမ္ဘာမကျေ–ဗမာပြည်" ဟူ၍ စပ်ဆိုသီကျူးခဲ့ကြပါတယ်။ သီချင်းစာသားပါ **"ဗမာ"**ကို **"မြန်မာ"**နှင့် အစားထိုးပြောင်းလဲရန်အတွက် ၁၉၇၆ခုနှစ် မတ်လအတွင်း ပြုလုပ်ကျင်းပခဲ့သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေး၌ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုက နိုင်ငံတော်သီချင်းနှင့် ပတ်သက်၍ အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ ယင်းအဆိုတွင် ယခုသုံးစွဲလျက်ရှိသော နိုင်ငံတော်သီချင်းကို ပြုပြင်ပြောင်းလဲမည် သို့မဟုတ် ယင်းကိုပင် ဆက်လက်အသုံးပြုမည်၊ အကယ်၍ သီချင်းအသစ်ဖြင့် အစားထိုးမည်ဆိုပါက ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပါဝင်ခဲ့ပါတယ်။

# တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း ပြင်ဆင်ခြင်း၊ မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်

နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၏အဆိုအပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦးတို့က "မူလသီချင်းသည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကာလတစ်လျှောက်လုံးတွင်အသုံးပြုခဲ့သော **'တို့ဗမာ'**သီချင်းကို အခြေခံ၍ စပ်ဆိုခဲ့သည့်သီချင်းဖြစ်ကြောင်း၊ သီချင်းပါစာသားနှင့်စာသွားများမှာလည်း ခေတ်များ၊ စနစ်များနှင့်ကိုက်ညီလျက်ရှိပြီး ပြည်ထောင်စုစိတ်ဓာတ်ရှိရေး၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် တစည်းတလုံးတည်းစုပေါင်းဖော်ထုတ်ရေးများကို ပီပြင်စွာ ဖော်ညွှန်းထားကြောင်း၊ ထို့အပြင် ယင်းသီချင်းကို ကလေး၊ လူကြီးအားလုံး အလွတ်ရပြီး စွဲနေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သီချင်းအသစ် ထပ်မံမပြောင်းလဲတော့ဘဲ မူလစာသားပါ **'ဗမာ'**ဟူသော စကားရပ်ကိုသာ တိုင်းရင်းသားလူမျိုးအားလုံးပါဝင်အကျုံးဝင်သည့် **'မြန်မာ'**ဟူသောစကားလုံးဖြင့် အစားထိုးသုံးစွဲသွားသင့်ကြောင်း"ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ ယင်းဆွေးနွေးချက်များအပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံမှ သဘောထားဆန္ဒကိုရယူခဲ့ရာ မူလသီချင်းဟောင်းကိုပင် တင်ပြအကြံပြုခဲ့သည့်အတိုင်း ပြင်ဆင်ပြီးသုံးစွဲသွားရန် ဆန္ဒပေးခဲ့ကြကြောင်းများကို လေ့လာသိရှိခဲ့ရပါတယ်။

နောက်တစ်ကြိမ်အဖြစ်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ၁၉၈၉ခုနှစ်ဇွန်လ၁၈ရက် ရက်စွဲပါအမိန့်အမှတ်၂/၈၉ဖြင့် **"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ရှိနိုင်ငံတော်သီချင်းတွင်ပါရှိသော 'ဗမာ'ဆိုသည့်စကားရပ်သည် ဗမာလူမျိုးတစ်မျိုးတည်းကိုသာရည်ညွှန်းသည့်သဘော သက်ရောက်နေပါသည်၊ အမှန်အားဖြင့် နိုင်ငံတော်သီချင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်ပါသည်၊ သို့ဖြစ်၍ လက်ရှိနိုင်ငံတော်သီချင်းတွင်ပါရှိသော 'ဗမာ' ဆိုသည့်စကားရပ်ကို တိုင်းရင်းသားများအားလုံးကိုရည်ညွှန်းသည့် 'မြန်မာ' ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ပြောင်းလဲလိုက်သည်"**လို့ တိုင်းပြည်တစ်ဝန်းလုံးကို ကြေညာခဲ့ပါတယ်။ **"ဗမာ"**ကို **"မြန်မာ"** ဟု မည်သို့ပင်ပြောင်းလဲ သတ်မှတ်စေကာမူ သီဆိုသူများအနေဖြင့် အမှုမဲ့၊ အမှတ်မဲ့၊ ယောင်ဝါးဝါး သီဆိုနေကြတုန်းပင်ဖြစ်ပါတယ်။ သို့ဖြစ်၍ နောင်ဖြစ်ပေါ်လာမည့် အနာဂတ် နိုင်ငံတော်သစ်တွင် **"ဗမာ"**ကို **"မြန်မာ"**ဟု ပြောင်းလဲထားသည့်စကားရပ်များနှင့်အညီ အဓိပ္ပာယ်ရှိရှိ ပီပီသသ သီဆိုနိုင်ကြစေရန်အတွက်လည်းကောင်း၊ တိတိကျကျ လိုက်နာနိုင်ကြစေရေးအတွက်လည်းကောင်း၊ မေ့မေ့လျော့လျော့ ဖြစ်နေသူများ သတိပြန်လည်လာစေရေးအတွက်လည်းကောင်း ပြည်သူ၊ ပြည်သားများကို အမိန့်၊ ကြေညာချက်များဖြင့် လိုအပ်သလို နှိုးဆော်ကြိုးကြပ်ဆောင်ရွက်သင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အနေဖြင့် အကြံပြုတင်ပြအပ်ပါတယ်။ ဒါကြောင့်–

**"နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့မြို့တော်** သတ်မှတ်ရေးအတွက် အသေးစိတ် အခြေခံရမယ့်မူချမှတ်ရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါတယ်။

နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိကြကြောင်း၊ ဒါ့အပြင် နိုင်ငံတော်ရဲ့မြို့တော်အဖြစ် ဗဟိုအစိုးရရဲ့ ရုံးစိုက်ရာမြို့ကို သတ်မှတ်လေ့ရှိကြတဲ့အပြင် သွားရေးလာရေးအဆင်ပြေပြီး နိုင်ငံတော်ရဲ့ အချက်အချာကျမယ့်နေရာဒေသတွေကို သတ်မှတ်လေ့ရှိကြောင်း၊ ယခုအခါတွင် နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများမှာ "နေပြည်တော်"တွင် ရုံးစိုက်လျက် နိုင်ငံတော်၏ လုပ်ငန်းတာဝန်အဝဝကို ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း၊ "နေပြည်တော်" ဟာ နိုင်ငံတော်၏ အလယ်ဗဟိုဒေသတွင် တည်ရှိခြင်းကြောင့် ပြည်နယ်နဲ့ တိုင်းအသီးသီးတို့နှင့်ဆက်သွယ်ရာတွင် ပိုမိုလျင်မြန် လွယ်ကူစေမှာလည်း ဖြစ်ကြောင်း၊ ဒါကြောင့်–

**"နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ကြောင်းဖြင့် (၁၀–၁၁–၂၀၀၆)ရက်နေ့တွင် ပြုလုပ်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ်တွင် ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက ပြန်လည်၍ အကြံပြုဆွေးနွေးတင်ပြခဲ့ကြပါတယ်။

၁၉၉၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌**"နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း"** အတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့ကြပါတယ်။ ၎င်းအသေး စိတ်အခြေခံရမယ့်မူများ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)တွင် **"နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်"**ဟု အမျိုးသားညီလာခံက အခြေခံရမယ့်မူတစ်ချက်အဖြစ် ချမှတ်ခဲ့ကြပြီးဖြစ်ပါတယ်။ ဒါ့အပြင်**"အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း"**အတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်ခဲ့စဉ်ကလည်း အပိုဒ် ၃၅ အဖြစ် **"ပြည်ထောင်စု နယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေး"**နှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူ(၁၁)ချက်နှင့် အပိုဒ် ၃၆ အဖြစ်**"ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်း"**နှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူတစ်ချက်တို့ကို ချမှတ်ခဲ့ကြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်မှာဖော်ပြခဲ့တဲ့ အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများအရ ယခင်ချမှတ်ခဲ့ပြီးဖြစ်သော**"ရန်ကုန်မြို့"**ကို မြို့တော်အဖြစ် သတ်မှတ်ထားခြင်းမှ မပယ်ဖျက်သေးဘဲ**"နေပြည်တော်"**ကို နိုင်ငံတော်၏ မြို့တော်အဖြစ် ထပ်မံသတ်မှတ်လိုက်မယ်ဆိုပါက တစ်နိုင်ငံတည်းတွင် မြို့တော် နှစ်ခုဖြစ်လာသည့် သဘောသက်ရောက်နေတယ်လို့ ထင်မြင်ယူဆပါတယ်။ ၎င်းအပြင် **"နေပြည်တော်"**ဟာ ယခုလောလောဆယ် မန္တလေးတိုင်းအတွင်း ပါဝင်နေပြီး အမျိုးသားညီလာခံမှာလည်း**"နေပြည်တော်"**နှင့် စပ်လျဉ်းသည့် အသေးစိတ် အခြေခံရမယ့်မူများကို ချမှတ်ထားခြင်းမရှိသေးရာ–

၁။ နေပြည်တော်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကိုယ်တိုင် အုပ်ချုပ်သည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်မည့်ကိစ္စ။

၂။ နေပြည်တော်နယ်နိမိတ်သတ်မှတ်ရေးကိစ္စ။

၃။ နေပြည်တော်အုပ်ချုပ်ရေးကိစ္စ။

များကို မည်သည့်အချိန်ကာလတွင် မည်သို့သတ်မှတ်ထားရှိမည်၊ ယခုကျင်းပဆဲ အမျိုးသားညီလာခံကပဲ တစ်ခါတည်းသတ်မှတ်ပေးမည်၊ဒါမှမဟုတ် နောင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဖွဲ့အစည်းများပေါ်ပေါက်လာမှ သတ်မှတ်ဆောင်ရွက်မည်စသည်ဖြင့် ဝေခွဲမရအောင်ဖြစ်နေရပါတယ်။

ထို့အပြင် ရန်ကုန်မြို့ကို(ပြည်ထောင်စုနယ်မြေ)အဖြစ် ဆက်လက် သတ်မှတ်ထားရှိမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီး၏ မြို့တော်အဖြစ် မည်သည့်မြို့ကို သတ်မှတ်မည်နှင့် ပတ်သက်၍လည်း မရှင်းမလင်း ဖြစ်နေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြို့တော်သတ်မှတ်သည့်ကိစ္စနှင့်ပတ်သက်၍ မရှင်းမလင်းဖြစ်နေသည့် အချက်များကို တင်ပြဆွေးနွေးလိုပါတယ်။ ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ **"နိုင်ငံတော်အခန်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော် အကြီးအကဲအခန်း"**များ အတွက် အခြေခံရမယ့်မူများနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌက "နိုင်ငံတော်ကို တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်ဖြင့် ဖွဲ့စည်းတည်ဆောက်ဖို့ အခြေခံရမယ့်မူချမှတ်ပြီးဖြစ်တာကြောင့် နိုင်ငံတော်မြို့တော်ကို သီးခြားအုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်မယ်ဆိုရင် နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ အခန်းအတွက် အခြေခံရမယ့်မူများမှာပါရှိဖို့ လိုအပ်မှာဖြစ်ကြောင်း ၊နိုင်ငံတော်ရဲ့ မြို့တော်ကို**"နိုင်ငံတော် အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်"** အခန်းရောက်မှ ဆွေးနွေးဖို့ဖြစ်သော်လည်း အဲဒီအကြောင်းတွေကြောင့် နိုင်ငံတော်ရဲ့ မြို့တော် သတ်မှတ်ခြင်းကို ယခုဆွေးနွေးမယ့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာပဲ ဆွေးနွေးဖို့လိုအပ်မှာဖြစ်ကြောင်း၊ နိုင်ငံတကာ အစဉ်အလာအရ ဗဟိုရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြကြောင်း၊ မြန်မာနိုင်ငံတော်မှာလည်း ဗဟိုအစိုးရရုံးစိုက်တဲ့ ရန်ကုန်မြို့တော်ကိုပဲ နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ကြမယ်ဆိုရင် ရန်ကုန်မြို့တော်ကို ရန်ကုန်တိုင်းဒေသကြီးရဲ့အုပ်ချုပ်မှုအောက်မှာမထားရှိဘဲ နိုင်ငံတော် သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာထားရှိတဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူချမှတ်ရန် သင့်၊မသင့်ကို အကြံပြုဆွေးနွေးကြ ရန်ဖြစ်ကြောင်း"ဖြင့်

ဒါ့အပြင် ရန်ကုန်မြို့ကို နိုင်ငံတော်၏မြို့တော်အဖြစ်သတ်မှတ်ရန် အခြေခံရမယ့်မူများချမှတ်ခဲ့ကြစဉ်က "အုပ်ချုပ်ရေး"အရ သတ်မှတ်ခဲ့ကြပြီး ပြည်ထောင်စုနယ်မြေအဖြစ်ထားရှိရန် သတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။

မြို့တော်မဖြစ်တော့သည့် "ရန်ကုန်မြို့"ကို – **ပြည်ထောင်စုနယ်မြေသတ်မှတ်ရေးနှင့် စပ်လျဉ်းသည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)ပါ** "နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေ သတ်မှတ်နိုင်သည်။"ဆိုတဲ့ အသေးစိတ်အခြေခံရမယ့်မူအရ "ရန်ကုန်မြို့"ကို ထူးခြားသည့်အခြေအနေရှိသည့် နယ်မြေအဖြစ်အမျိုးသားညီလာခံတွင် တရားဝင်ဆွေးနွေးခြင်းမရှိဘဲ သတ်မှတ်ရန် သင့်လျော်မည် မဟုတ်ပါ။ ဥပဒေပြဋ္ဌာန်းပြီးမှသာ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ မြို့တော်သတ်မှတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ရှင်းရှင်းလင်းလင်း သိရှိနိုင်စေရန်အတွက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ပြန်လည်ရှင်းလင်းတင်ပြပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက်လည်းကောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများမှာ နေပြည်တော်သို့ပြောင်းရွှေ့ပြီး နိုင်ငံတော်၏ လုပ်ငန်းတာဝန်အဝဝကို စတင်ဆောင်ရွက်နေကြပြီဖြစ်သည့်အတွက်လည်းကောင်း "နေပြည်တော်"ကို နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်ရန် ခေတ်ကာလအခြေအနေအရ ဆီလျော်ညီညွတ်နေပါတယ်။ ဒါကြောင့်–

**"နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း ရှာင်မြို့နယ် မဲဆန္ဒနယ်မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးအောင်သိန်းဖြစ်ပါတယ်။ သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံး ဘေးဘယာဝေးကွာပြီး ကောင်းကျိုးလိုရာဆန္ဒနဲ့ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်းတစ်ခန်းအဖြစ်ပါဝင်မယ့် **"ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း"**အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါမှာ အဲဒီလို မပြဋ္ဌာန်းမီကာလက တည်ရှိခဲ့တဲ့ တိုင်းပြည်ရဲ့ အခြေအနေနဲ့ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခုတူညီကြမှာမဟုတ်ပါဘူး။ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးကို ကူးပြောင်းကြရတာဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့အဓိက မဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေး အဆောက်အအုံတို့ဟာလည်း ခေတ်ကာလနဲ့အညီ ပြောင်းလဲသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများဟာ အကူးအပြောင်းကာလမှာ စဉ်ဆက်မပြတ် တည်ရှိနေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန်၊ ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ်တည်ရှိနေစေဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များကို ထည့်သွင်းရေးဆွဲထားကြတာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ခြင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ရေးဆွဲပြီးတဲ့အခါ အဲဒီဥပဒေမှာ အာဏာတည်ရမယ့် နေ့ရက်ကို ဖော်ပြထားရှိမှသာ ဖော်ပြပါနေ့ရက်တွင် အာဏာတည်မှာဖြစ်ပါတယ်။ **၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၄ တွင်–**

"ဤအခြေခံဥပဒေသည် နိုင်ငံတော်ယာယီသမ္မတက ထုတ်ပြန်ကြေညာသောနေ့တွင် အာဏာတည်ရမည်။ ထိုနေ့သည် မြန်မာသက္ကရာဇ် ၁၃၁၀ခုနှစ် ကဆုန်လဆန်း ၈ရက်နေ့ (ခရစ်တော် သက္ကရာဇ် ၁၉၄၈ခုနှစ် ဧပြီလ ၁၅ရက်နေ့) အောက်နောက်မကျစေရ" ဟုပြဋ္ဌာန်းထားတာကို လေ့လာသိရှိရပါတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၅တွင်–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်" ဟုပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ခြင်းနဲ့ စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပေးသည့်နေ့မှစ၍ နိုင်ငံတစ်ဝန်းလုံး၌ အာဏာတည်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။

*စာမျက်နှာ ၈ ကော်လံ ၁*

**ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စု လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။**

# ဤဖွဲ့စည်းပုံပါ အခြေခံစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်

စာမျက်နှာ ၇ မှ

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးတဲ့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီးမှသာ လွှတ်တော်များဟာ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အချုပ်အခြာအာဏာများ စဉ်ဆက်မပြတ်လည်ပတ်နေစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးသည့်အချိန်နှင့် လွှတ်တော်များ ပေါ်ပေါက်သည့်အချိန်ကြားကာလမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အချုပ်အခြာအာဏာများကို ဆက်လက်ကျင့်သုံးစေပြီးမှ လွှဲပြောင်းပေးစေသင့်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ တည်သည့်နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးမကျင်းပမီ အချိန်ကာလအတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံးနိုင်ရေးနှင့် စပ်လျဉ်းပြီး–



ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ဆန်ဖြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် သုံးဦးတို့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးတဲ့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုအပ်တာတွေကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ တာဝန်ဖြစ်ပါတယ်။ ဒီအတွက် ပြည်ထောင်စုလွှတ်တော် မပေါ်ပေါက်မီ ပြည်ထောင်စုလွှတ်တော်ကိုယ်စား လိုအပ်သောဥပဒေပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်စေဖို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ဆောင်ရွက်ပိုင်ခွင့်ပေးထားရန် လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဲဒီလိုကြိုတင်ဆောင်ရွက်တဲ့လုပ်ငန်းရပ်တွေဟာ ဥပဒေဘောင်အတွင်းကျရောက်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်တယ်လို့ မှတ်ယူသင့်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဆောင်ရွက်ချက်များနဲ့စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်"** လို့အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များကိုချမှတ်ခြင်း မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်ကြေညာချက်များ ထုတ်ပြန်ခြင်းစတဲ့ဆောင်ရွက်ချက်များကို အရှိန်အဟုန်ဖြင့် ဘက်စုံစီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ တာဝန်နှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ခံကြောင်းမူတစ်ရပ် ချမှတ်ထားသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနဲ့ရပိုင်ခွင့်များကို ဆက်ခံရေးနှင့်စပ်လျဉ်းပြီး–

**"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုဆက်ခံသည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတစ်နိုင်ငံမှာ အစဉ်အဆက်က လက်ခံကျင့်သုံးလာခဲ့တဲ့ တည်ဆဲဥပဒေများကို ဆက်လက်အတည်ပြုခဲ့ကြပါတယ်။ အဲဒီဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိပါက နိုင်ငံအနေနဲ့ ဆက်လက်ကျင့်သုံး သွားရမှာဖြစ်သလို အဲဒီလို ဆက်လက်ကျင့်သုံးနေတဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေခြင်းမရှိပါက လိုအပ်သလိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကို အခါအားလျော်စွာ ပြည်ထောင်စုလွှတ်တော်က ပြုလုပ်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေများနှင့်စပ်လျဉ်းပြီး–

**"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတော်တွင် အစဉ်အဆက်ကလက်ခံကျင့်သုံးလာသော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများလည်း ရှိခဲ့ပါတယ်။ အဲဒီနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ဆက်လက်အတည်ဖြစ်နေမှာဖြစ်သလို ဆန့်ကျင်ပါက ပယ်ဖျက်ပြင်ဆင်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်အတည်ဖြစ်ရေးနဲ့စပ်လျဉ်းပြီး–

**"တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"** လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှု သို့မဟုတ် တရားရုံးအဆင့်ဆင့်တည်ထောင်ခြင်း၊ တရားရုံးအဆင့်ဆင့်၏ စီရင်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်းကိစ္စများကိုဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်တဲ့နေ့မှာ အဆိုပါကိစ္စများကိုပြီးစီးအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ဒါကြောင့် ကူးပြောင်းရေးကာလတွင် တရားစီရင်ရေးလုပ်ငန်းများ ရပ်တန့်မသွားစေဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေဖြင့် တရားရုံးသစ်များကို မတည်ထောင်သမျှ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်စေသင့်ပါတယ်။ ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်တွင်ရှိနေသော မှုခင်းများနဲ့စပ်လျဉ်း၍–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ်ကျန်နေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်"** လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တွင် ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့အစည်းများ(သို့မဟုတ်) အစိုးရဌာနများနှင့် ဝန်ထမ်းများသည် မိမိတို့နှင့်သက်ဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ထို့အတူ ဝန်ထမ်းများ၏ လုပ်ခွင်တည်မြဲမှုရှိစေရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများနဲ့ပတ်သက်၍–

"ဤအခြေခံဥပဒေအာဏာ တည်အံ့ဆဲဆဲကာလက မြန်မာနိုင်ငံတော်အစိုးရလက်အောက်တွင် အမှုထမ်းခဲ့ကြသော အရာထမ်း၊ အမှုထမ်းများသည် ပြည်ထောင်စုမြန်မာနိုင်ငံက အခြားပြဋ္ဌာန်းချက်မပြုသမျှ ဆက်လက်အမှုထမ်းရမည်"ဟု ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၂၉တွင်လည်းကောင်း၊

"ဝန်ထမ်းအဖွဲ့အစည်းများသည် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ သဘောနှင့်ညီညွတ်စေရမည်၊"

"ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ စတင်တည်သည့်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသော အဖွဲ့အစည်းများ၊ အမှုထမ်းရွက်ဆဲဖြစ်ကြသော ဝန်ထမ်းများနှင့် အလုပ်သမားအားလုံးသည် နိုင်ငံတော်ကောင်စီက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိစေရမည်"ဟု ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂(ဆ)(ဇ)တွင် လည်းကောင်း အသီးသီးပြဋ္ဌာန်းခဲ့ကြတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းများနဲ့စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲ ဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိစေရမည်"** လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့စပ်လျဉ်းပြီး သီးခြားအကြံပြုချက်များကို တင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမယ့် အခြေခံမူတွေအတွက် အမျိုးသားညီလာခံကို ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်ကြီး အစွန့်ရှည်စေဖို့၊ တိုင်းသူပြည်သားများဘဝ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲစေဖို့အတွက် အခြေခံအုတ်မြစ်နဲ့တူတဲ့ ဝါဒ၊ သဘောထားတွေကို အမျိုးသားညီလာခံမှာ အစုအဖွဲ့အလိုက် ကိုယ်စားလှယ်အသီးသီးက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့်အခန်းအလိုက် အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီ အခြေခံမူတွေထဲမှာ လောကပါလတရားများဖြစ်တဲ့ မှုတခြင်း၊ လွှတ်လပ်ခြင်း၊ ညီမျှခြင်း အကျိုးတရားတွေကို လက်တွေ့သယ်ဆောင်ဖြစ်ထွန်းနိုင်မယ့် အနှစ်သာရတွေပါအောင် ဂရုပြုအလေးထားပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြတာလည်း ဖြစ်ပါတယ်။ ထို့အတူ လောကပါလတရားတွေနဲ့ညီညွတ်မယ့် နိုင်ငံတော်ရဲ့ဖွဲ့စည်းပုံ၊ နိုင်ငံတော်ရဲ့ဥပဒေပြုရေးစနစ်နဲ့ တရားစီရင်ရေးစနစ်ဖြစ်မြောက်စေဖို့ လိုအပ်တဲ့ အခြေခံမူတွေရအောင် ကျွန်တော်တို့ ကိုယ်စားလှယ်တွေအားလုံး တာဝန်သိစွာဖြင့် စဉ်းစားညှိနှိုင်းဆွေးနွေးခဲ့ကြတာလည်း ဖြစ်ပါတယ်။

အမျိုးသားညီလာခံကြီးအနေနဲ့ မကြာမြင့်မီကာလအတွင်းမှာ ပြီးစီးအောင်မြင်တော့မှာဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးအောင်မြင်ထမြောက်ရေး ကို တစ်နိုင်ငံလုံးမှာရှိတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူအပေါင်းက မျှော်လင့်ကိုးစားခဲ့တဲ့နည်းတူ နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာမယ့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုလည်းကောင်း ပြည်သူ၊ ပြည်သားများက မျှော်လင့်တောင့်တလျက်ရှိပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ အကျိုးစီးပွားကို ဖော်ဆောင်ပေးရမယ့်တာဝန်ဟာ ကျွန်တော်တို့ အမျိုးသားညီလာခံကိုယ်စားလှယ်များသာမက ပြည်သူ၊ ပြည်သားအားလုံးရဲ့ သမိုင်းပေးတာဝန်ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် အခြေခံဥပဒေရဲ့ အားနည်းချက်၊ ၁၉၇၄ခုနှစ် အခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်များအပေါ် ပြောင်းလဲလာတဲ့အခြေအနေအရ ပြည်သူပြည်သားများက လက်မခံနိုင်တော့တာကြောင့် ကျွန်တော်တို့နိုင်ငံမှာ တည်ငြိမ်မှုတွေ ပျက်ပြားယိုယွင်းလာသလို အမျိုးသားစည်းလုံးညီညွတ်ရေးဟာလဲ အားနည်းလာပြီး ယိုင်နဲ့ခဲ့တာကို ကိုယ်စားလှယ်ကြီးများအားလုံး အသိပင်ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ မျက်မှောက်ပြုနေတဲ့ အမျိုးသားရေးတာဝန်ကြီးကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥဒေ ပေါ်ပေါက်ရေးပင်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာနိုင်ငံရေးဇာတ်ခုံမှာ သူ့ခေတ်သူ့အခါအလျောက် အမျိုးသားနိုင်ငံရေးကို အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြ တာတွေရှိပါတယ်။ နေသူရိန်ညီလာခံကြီး၊ ပင်လုံညီလာခံကြီးစသည်ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ပတ်သက်တဲ့ ညီလာခံကြီးတွေဟာ သမိုင်းမှတ်တမ်းမှာ မော်ကွန်းထိုးရလောက်အောင် အကျိုးပြုခဲ့ကြတာဖြစ်ပါတယ်။ ယခုကျင်းပပြီးစီးတော့မယ့် အမျိုးသားညီလာခံကြီးဟာလဲ အနှစ်သာရပိုင်းတွင် နေသူရိန်ညီလာခံ၊ ပင်လုံညီလာခံတွေထက် လျော့နည်းစရာမရှိပါ။ ခေတ်ကာလ အခြေအနေအရ အသာဘက်ကသာဖြစ်မှာဖြစ်ကြောင်း ရဲရဲကြီးပြောလိုပါတယ်။ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်ကျင်းပ နိုင်ခဲ့ပြီး ၁၉၉၆ ခုနှစ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် မမျှော်လင့်ဘဲပေါ်ပေါက်လာသော အကြောင်းကြောင်းတွေကြောင့် အမျိုးသားညီလာခံကို အချိန်ကာလအပိုင်းအခြားတစ်ခုအထိ ရပ်နားခဲ့ရပြီး ၂၀၀၄ ခုနှစ်မှာ ပြန်လည်ကျင်းပနိုင်ခဲ့တာကိုတော့ ကိုယ်စားလှယ်ကြီးများ အားလုံးအသိပင်ဖြစ်ပါတယ်။ မကြာတော့သောအချိန်မှာ ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံရမယ့်မူတွေနဲ့ အသေးစိတ် အခြေခံရမယ့်မူတွေ ချမှတ်လို့ပြီးစီးတော့မှာဖြစ်ပါတယ်။ အမှန်စင်စစ် အမျိုးသား ညီလာခံဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးရဲ့ ကနဦးပဓာနကျတဲ့ ပြင်ဆင်မှုအဆင့်ဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်(၇)ရပ်တွင်–

ဒုတိယအဆင့်အဖြစ် – အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့်ဆက်လက်ဆောင်ရွက်ခြင်း၊

တတိယအဆင့်အဖြစ် – အမျိုးသားညီလာခံကြီးကချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊

စတုတ္ထအဆင့်အဖြစ် – ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း

များ ပါဝင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီးနောက် အဲဒီဥပဒေမှာအာဏာတည်ရမယ့်နေ့ရက်ကို ဖော်ပြထားမှသာလျှင် ဖော်ပြပါနေ့ရက်တွင် အာဏာတည်မှာ ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၃၄ တွင် **"ဤအခြေခံဥပဒေသည် နိုင်ငံတော်ယာယီသမ္မတက ထုတ်ပြန်ကြေညာသောနေ့တွင် အာဏာတည်ရမည်။ ထိုနေ့သည် မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့၊ [ခရစ်တော်သက္ကရာဇ် ၁၉၄၈ ခုနှစ် ဧပြီလ ၁၅ ရက်နေ့] အောက်နောက်မကျစေရ"**ဟု ပြဋ္ဌာန်းထားခဲ့ပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်၍ အနည်းငယ်တင်ပြဆွေးနွေးလိုပါတယ်။ အဖွဲ့ဝင် ၉၇ ဦးပါဝင်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်(မူကြမ်း)ရေးဆွဲရေးကော်မရှင်ကို ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးအတွက် တာဝန်ပေးအပ်ခဲ့ပါတယ်။ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်(မူကြမ်း)ရေးဆွဲနိုင်ရေးအတွက် လုပ်သားပြည်သူများထံမှ အကြံဉာဏ်များကိုဖိတ်ခေါ်ခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပထမမူကြမ်းကို ရေးဆွဲသတ်မှတ်ကြပြီးတဲ့နောက် ၁၉၇၂ ခုနှစ် ဧပြီလကုန်ခါနီးမှ ဇွန်လအထိ နိုင်ငံအနှံ့ကွင်းဆင်းကာ မူကြမ်းအား ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပထမမူကြမ်းအပေါ် ပြည်သူ၊ ပြည်သားများ၏ ဆန္ဒသဘောထားနှင့်ပတ်သက်၍ ၁၉၇၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ နိုင်ငံအနှံ့ပြန်လည်ရယူခဲ့ပါတယ်။ ပြည်သူပြည်သားတွေရဲ့ ဆန္ဒသဘောထားများကိုအခြေခံပြီး ဒုတိယမူကြမ်းကို ရေးဆွဲခဲ့ကြပြီးတဲ့နောက် ၁၉၇၃ ခုနှစ် ဧပြီလအတွင်းရှင်းလင်းခဲ့ကြပါတယ်။ ဒုတိယမူကြမ်းနဲ့ ပတ်သက်တဲ့သဘောထားများကို ၎င်းနှစ် ဇွန်လ ၁၁ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း ပြန်လည်ရယူခဲ့ကြပါတယ်။ ပြည်သူ၊

27-12 (08) 1 12/27/06, 2:31 AM

# ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်၌ မော်ကွန်းတင်ထားရှိရမည် ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်

ပြည်သားများရဲ့ဆန္ဒနဲ့အညီ တတိယမူကြမ်းကိုရေးဆွဲပြီးတဲ့နောက် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၃ရက်မှ ၂၅ရက်အထိကျင်းပခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဒုတိယအကြိမ် ပါတီညီလာခံသို့တင်သွင်းပြီး အတည်ပြုချက်ရယူခဲ့ပါတယ်။ အတည်ဖြစ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တာဝန်ရှိသူများမှ ၁၉၇၃ခုနှစ် အောက်တိုဘာလ ၂၉ရက်နေ့မှစ၍ နိုင်ငံအနှံ့ရှင်းလင်းပြောခဲ့ပြန်ပါတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ" ကို ၁၉၇၃ခုနှစ် ဒီဇင်ဘာလ၁၅ရက်မှ ၃၁ရက်အထိကျင်းပခဲ့ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဆယ့်လေးသန်းကျော်(၁၄၇၆၀၀၃၆)ဦးအနက် ထောက်ခံသည့် ဆန္ဒမဲပေးသူစုစုပေါင်း တစ်ဆယ့်သုံးသန်းကျော်(၁၃၃၁၂၀၀)ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းဖြင့် တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ကြတာကို လေ့လာသိရှိခဲ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်အသစ်အတွက် အခြေခံအုတ်မြစ်နဲ့တူတဲ့ မူ၀ါဒတွေ၊ သဘောထားတွေကို ထင်ဟပ်ဖော်ဆောင်နေတဲ့အခြေခံရမယ့်မူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ချမှတ်ထားပြီးဖြစ်ပါတယ်။ အဲဒီအခြေခံရမယ့်မူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေနဲ့အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရမှာဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်၏ စတုတ္ထအဆင့်ဖြစ်သော "ဖြစ်ပေါ်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း"လုပ်ငန်းစဉ်ကို အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အချိန်မှ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ပေးနိုင်ပါက မျှော်တလင့်လင့်ဖြင့် တောင့်တ၊ စောင့်စားနေရသော ပြည်သူ၊ ပြည်သား၊ ရဟန်းရှင်လူများအဖို့ အားရကျေနပ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမှာ အမှန်ပင်ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အချိန်မှ တစ်နှစ်တာကာလအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ နိုင်ရေးအတွက် တာဝန်ရှိသူများမှ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း သီးခြား အကြံပြုချက်တစ်ရပ်အဖြစ် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်၏ ပဉ္စမအဆင့်ဖြစ်သော "ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း"လုပ်ငန်းနှင့်ပတ်သက်၍ ဆက်လက်အကြံပြုတင်ပြလိုပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၃၃ တွင် "ဤအခြေခံဥပဒေအရကျင်းပသော ပထမအမတ်ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့ရက်မှစ၍ ၁၈လအတွင်းတွင် ကျင်းပရမည်"လို့ ပါရှိတာကို ဖတ်ရှုလေ့လာသိရှိရပါတယ်။

၁၉၇၄ခုနှစ် အခြေခံဥပဒေနှင့်ပတ်သက်၍ ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့တွင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်အတည်ပြုကြေညာခဲ့ပြီးနောက် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ်ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၂၇ရက်မှ စတင်၍ ဖေဖော်ဝါရီလ၁၀ရက်အတွင်း ကျင်းပပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ ၎င်းအပြင် ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးကို ၁၉၇၄ခုနှစ် မတ်လ ၂ရက်နေ့ နံနက်၁၁နာရီအချိန်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို ဆောလျင်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ် ပဉ္စမအဆင့်အား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ဖြစ်ပြီးတဲ့နောက် သင့်တင့်လျောက်ပတ်သောအချိန်ကာလအတွင်း ကျင်းပပြုလုပ်နိုင်ရေးအတွက် တာဝန်ရှိသူများမှ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း သီးခြားအကြံပြုချက် တစ်ရပ်အဖြစ် အကြံပြုတင်ပြအပ်ပါသည်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးထွန်းကျော်ဖြစ်ပါတယ်။ သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာနိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော် ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံခွဲဝေကျင့်သုံးမယ်ဆိုတာကိုလည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကိုလည်းကောင်း ဖော်ပြပါရှိတဲ့အပြင် နိုင်ငံအတွင်းမှာရှိတဲ့ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ် တဲ့အတွက် အခြားဥပဒေများဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့်–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်"**

လို့အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အခြေခံမူများဟာ ဥပဒေများကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လိုက်နာရမယ့် လမ်းညွှန်များဖြစ်ပါတယ်။ နိုင်ငံတော်အခြေခံမူများကို မြန်မာနိုင်ငံရဲ့ သဘာဝအနေအထား၊ ဖြစ်ပေါ်ခဲ့တဲ့သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိစေရန်နှင့် အနာဂတ်ကာလမှာ နိုင်ငံတော်ပိုမိုစည်ပင်သာယာစေရေး၊ နိုင်ငံရေးတည်ငြိမ်မှုရှိစေရေးအတွက် ဘက်ပေါင်းစုံမှ ရည်မျှော်စဉ်းစားပြီး ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတော်အခြေခံမူများကို ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာမှာလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဥပဒေတွေရဲ့ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်းကောင်း လိုက်နာရမယ့်လမ်းညွှန်များအဖြစ် အခြေပြုကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် **"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**လို့ အခြေခံရမယ့်မူ ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်ထားခြင်းနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။ မြန်မာစာကို နိုင်ငံတော်အတွင်း နေရာဒေသအနှံ့အပြားမှာ သုံးစွဲလျက်ရှိကြပါတယ်။ နောင်တွင်လည်း ပြည်သူများနဲ့ အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာမှာလည်းကောင်း၊ အစိုးရအဖွဲ့အစည်း အချင်းချင်းဆက်သွယ်ရာမှာလည်းကောင်း၊ တညီတညွတ်တည်း ဖြစ်စေရန်နဲ့ အယူအဆမကွဲပြားစေဘဲ ရှင်းလင်းလွယ်ကူစေရန် မြန်မာစာကို ရုံးသုံးစာအဖြစ် အသုံးပြုရန် သတ်မှတ်သင့်သည့်အတွက် **"မြန်မာစာသည် ရုံးသုံးစာဖြစ်သည်"**လို့ အခြေခံရမယ့်မူချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာစာကို ရုံးသုံးစာအဖြစ်သတ်မှတ်ထားရှိခြင်းဟာ ဆီလျော်ညီညွတ်မှုရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးနွယ်စု ပေါင်းစုံစုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သမိုင်းစဉ်တစ်လျှောက်လုံးမှာလည်း မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ ကောင်းတူဆိုးဖက် ညီညီညွတ်ညွတ်နေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲမှ အစ ယနေ့ကာလတိုင်အောင်စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြတာဖြစ် ပါတယ်။ ရှိပြီးသားတိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲစေရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးနွယ်စုများအားလုံးအတွက် အာမခံချက်ရှိ စေရန်အတွက်လည်းကောင်း မြန်မာစာဖြင့် ရေးသားဖော်ပြရာတွင် တိကျရှင်းလင်းပြီး တိုင်းရင်းသား လူမျိုးနွယ်စုများ အလွယ်တကူနားလည်နိုင်သော စကားလုံးများဖြင့်သာ ရေးသားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ သို့ဖြစ်၍ အထွေထွေပြဋ္ဌာန်းချက်များဆိုင်ရာ အခန်းအတွက်–

> **"၁။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။**
>
> **၂။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များကိုသက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်းလိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ များအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်အပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းတဲ့အခါမှာ မြန်မာစာဖြင့် ပြုစုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းကြမှာဖြစ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် မြန်မာစာမူအပြင်၊ အင်္ဂလိပ်ဘာသာနဲ့ဖြစ်စေ၊ လိုအပ်လျှင် အခြားဘာသာများနှင့်ဖြစ်စေ ဘာသာပြန်ဆိုတဲ့စာမူများလည်း ရှိလာနိုင်ပါတယ်။ အဲဒီလို အခြားဘာသာပြန်စာမူများ မည်သို့ပင်ရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုဖို့ အကြောင်းပေါ်ပေါက်လာရင် မြန်မာစာဖြင့်ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုမှ သဘာဝကျ ဆီလျော်ညီညွတ်မှုရှိမှာ ဖြစ်ပါတယ်။

ဒါကြောင့်–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့်ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ပါရှိတဲ့စကားရပ်တစ်ခုဟာ မည်သည့်အနက်အဓိပ္ပာယ်ကိုဆောင်ကြောင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ အခြေအနေမျိုးပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်ပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်တစ်ခုရဲ့ အနက်အဓိပ္ပာယ်ဟာ မည်သည့်အဓိပ္ပာယ်ကိုဆိုလိုကြောင်း သီးခြားဖွင့်ဆိုထားခြင်း မရှိခဲ့ရင် တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ "စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ"ကို ကိုးကားသင့်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက် များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်**

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အဲဒီနိုင်ငံရဲ့ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရဲ့ ရေ၊ မြေ၊ သဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဖြစ်ပေါ်ခဲ့တဲ့သမိုင်းကြောင်း၊ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိအောင် အခြေခံပြီး ရေးဆွဲကြတဲ့အတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဟာ မော်ကွန်းအဖြစ်သတ်မှတ်ရမယ့် သမိုင်းအထောက်အထားဖြစ်ပါတယ်။ အဲဒီလို သမိုင်းတန်ဖိုးကြီးမားလှတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ စာမူကို နှစ်ကာလ သက်တမ်းကြာမြင့်စွာ မပျက်မစီး အောင် ထိန်းသိမ်းထားနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားရှိပြီး အမျိုးသားမော်ကွန်းတိုက်ကိုလဲ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ ပြည်သူ့ဆန္ဒနဲ့ အတည်ပြုပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြန်မာစာမူတစ်ခုကိုလည်း အမျိုးသားမော်ကွန်းတိုက်မှာ မော်ကွန်းတင်ထားရှိသင့်ပါတယ်။

ဒါကြောင့်–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ်သက်သေအရာ တည်စေရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နောင်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက တာဝန်ယူဆောင်ရွက်တဲ့ စီးပွားရေးလုပ်ငန်းကိစ္စများရှိမှာ ဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ခွဲဝေဆောင်ရွက်စေသင့်တဲ့ စီးပွားရေးလုပ်ငန်းများလည်း ရှိလာမှာဖြစ်ပါတယ်။ ပြည်ထောင်စုကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို နိုင်ငံတော်အကျိုးစီးပွားအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကိုဖြစ်စေ၊ သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အခြေအနေ ပေးရင်ပေးသလို လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်ဖို့ အခြေအနေများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးပေါ်ပေါက်လာခဲ့ရင် နိုင်ငံတော်ရဲ့ အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကိုဖြစ်စေ၊ သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်စေနိုင်ရန်အတွက် လိုအပ်တဲ့အသေးစိတ်အခြေ ခံရမယ့်မူများကို ချမှတ်ထားပေးသင့်ပါတယ်။

ဒါကြောင့်–

**"ပြည်ထောင်စု အစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန်သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–**

**(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်"**

လို့အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များရှိပါတယ်။ ထို့အတူနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာလည်း အာဆီယံနိုင်ငံများအပါအဝင် အခြားနိုင်ငံအစိုးရများနှင့် စာချုပ်များ၊ သဘောတူညီချက်များကို ချုပ်ဆိုဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလို နိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များမှ ပေါ်ထွက်လာတဲ့ တရားမျှတသည့် တာဝန်များကို အခြားနိုင်ငံများက ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်းပြီးထားရှိအပ်တဲ့ ပဋိညာဉ်များကို လေးစားပါက နောင်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရဖြစ်ပေါ်လာမယ့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း လိုက်နာလေးစားရမှာဖြစ်ပါတယ်။

ဒါကြောင့်–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရလည်းကောင်း၊ သဘောတူညီချက်များအရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့်တာဝန်များကို အဆိုပါအခြားနိုင်ငံကလည်း ပြည်ထောင်စု မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကလည်းလေးစားသည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ်အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ချုပ်ဆိုထားခဲ့တဲ့ ပဋိညာဉ်များနဲ့ စပ်လျဉ်းလို့ဖြစ်စေ၊ တာဝန်များနဲ့စပ်လျဉ်းလို့ဖြစ်စေ၊ နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအပေါ် တရားစွဲဆိုနိုင်တဲ့အခွင့်အရေးအရ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ခဲ့ရင် အဲဒီအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုအစိုးရအား တရားစွဲဆိုခွင့်ပေးသင့်ပါတယ်။ အလားတူပဲ တရားစွဲဆိုနိုင်တဲ့အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ရရှိစေသင့်ပါတယ်။ ထိုနည်းတူစွာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေနဲ့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့အမည်နဲ့ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးရရှိစေသင့်ပြီး၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမှာဖြစ်ပါတယ်။

ဒါကြောင့်–

> **"၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တာဝန်များနှင့်စပ်လျဉ်း၍ဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စုအစိုးရအား တရားစွဲဆိုနိုင်သည်။**
>
> **၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ချမှတ်ထားခဲ့ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများမှာ အထွေထွေပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းတဲ့ မူများပါရှိပါတယ်။ အဲဒီအခြေခံရမယ့်မူများထဲမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံး ဖွဲ့စည်းဖို့၊ ခုံရုံးက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှုရှိ၊မရှိ စိစစ်ဆေးခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးများအကြား၊ ပြည်ထောင်စုနှင့်ပြည်နယ်များအကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ကို ချမှတ်ခဲ့ကြပါတယ်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

# လပွတ္တာမြို့နယ်၌ ရွှေနဒီရေပေါ် ဈေးသစ်တည်ဆောက် နွေစပါးစိုက်ပျိုးရန် မြေပြုပြင်၊ လယ်ကွင်းအတွင်း နုန်းထည့်သွင်း

ရန်ကုန် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဒီဇင်ဘာ၁၄ရက် နံနက် ၇နာရီက တာဝန်ရှိသူများလိုက်ပါလျက် လပွတ္တာမြို့ အမှတ်(၆)ရပ်ကွက်ရှိ နှင်းဆီလမ်းနှင့် သစ္စာလမ်းအတွင်း တည်ဆောက်မည့် ရွှေနဒီရေပေါ်ဈေးသစ် တည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်တွင် တိုင်းမှူးအား တာဝန်ရှိသူများက ငွေကျပ် ၃၀၄၁ ဒသမ ၁၅သိန်း အကုန်အကျခံ၍ ၁၂ပေ x၆ပေ ဆိုင်ခန်း ၁၄၈ခန်း၊ ၆ပေ x၆ပေဆိုင်ခန်း ၁၂၆ခန်း ဆောက်လုပ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ပြီးစီးအောင် တည်ဆောက်သွားရေး မှာကြားသည်။





ထို့နောက် တိုင်းမှူးသည် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များနှင့် ဒေသခံများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

## ရော်ဘာတိုးချဲ့စိုက်ပျိုး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့နယ် ဝါးကြိုတ်လိမ် ကျေးရွာရှိ တောင်သူဒေါ်နုနုရီ၏ ရွှေလင်းယုန်ရော်ဘာခြံတွင် ရော်ဘာပြား ထုတ်လုပ်နေမှုနှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရော်ဘာတိုးချဲ့စိုက်ပျိုးသွားရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ကလေးကျေးရွာအုပ်စု ရှုခင်းသာကျေးရွာရှိ ဦးမြင့်အောင်၊ ဒေါ်ရီရီသန့်မိသားစု ကြက်မွေးမြူရေးခြံတွင် ကြက်ကောင်ရေ ၂၇၀၀၀ မွေးမြူထားရှိမှုကို လည်းကောင်း၊ မြေတံတားကျေးရွာရှိ ဦးကံငွေ၏ ငွေကမ္ဘာဘဲမွေးမြူရေးခြံတွင် ခရမ်းမျိုးဘဲကောင်ရေ ၁၀၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

## ဆွေးနွေးမှာကြား

၎င်းနောက် တိုင်းမှူးသည် မြောင်းမြမြို့ နောင်ရိုးခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းဝင်များ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

## ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် မြောင်းမြ-အိမ်မဲကားလမ်းပေါ်ရှိ ကြာဖူးငုံ၊ လက်ပံကျေးရွာ လမ်းဘေးဝဲယာတွင် ဒေသခံတောင်သူများစုပေါင်း၍ နွေစပါး စိုက်ပျိုးရန် မြေပြုပြင်ထွန်ယက်နေမှု၊ နွေစပါးကြဲပက်မှု၊ လယ်ကွင်းအတွင်း နုန်းထည့်သွင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**



**နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၃(ခ)/ ငွေကြာရံ ရိပ်သာစည်ပင်သာယာလမ်း အမှတ်(၇၂)နေ ဦးအောင်ကြည် - ဒေါ်ခင်ခင်မ၊ သားသမီး၊ မြေးတစ်စုတို့က** ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်ခုနစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ဒီဇင်ဘာ ၂၃ရက် မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်များသို့ သွားရောက်၍ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**



ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် မွန်းလွဲ၂နာရီတွင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းစံပြကျေးရွာ ကျေးရွာခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက လက်ခုပ်ကုန်းစံပြကျေးရွာဆိုင်ရာ အချက်အလက်များ၊ ဒေသ၏စီးပွားရေး၊ ရေငန်ပုစွန်နှင့် သဘာဝပုစွန်မွေးမြူမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက လက်ခုပ်ကုန်းစံပြကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် ငါးနှင့်ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ဆားလုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာအနီးရှိ Top Win Co.,၏ ပုစွန်များ မွေးမြူဖြစ်ထွန်းနေမှုနှင့် ပုစွန်ကန်များ တူးဖော်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လက်ခုပ်ကုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးပဒေသာပင်ငွေကျပ်၁၅သိန်းကို ပေးအပ်လှူဒါန်းသည်။

## လက်ခံရယူ

ထို့နောက် တိုင်းမှူးသည် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၁၀သိန်း အပါအဝင် အလှူရှင် ရှစ်ဦး၏ လှူဒါန်းငွေကျပ် ၂၄သိန်းကို လက်ခံရယူသည်။ **(အပေါ်ပုံ)**

## ကျေးဇူးတင်စကား

ယင်းနောက် ကော့မှူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်အေးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တောင်ဥက္ကလာပ မြို့နယ် မီးဘေး ကြိုတင် ကာကွယ်ရေး စီမံချက်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်ကျော်နှင့် မြို့နယ်မီးသတ်စခန်းမှူး ဦးကိုကိုကြီးတို့ ဦးဆောင်သော အရန် မီးသတ်တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ၂၃ရက်က အမှတ်(၁၂)ရပ်ကွက်၌ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများကို လိုက်လံကြည့်ရှု စစ်ဆေးစဉ်။** (က-ပ)

# ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဆိပ်ကြီးခနောင်တို ပြည်သူ့ဆေးရုံစစ်ဆေး လူနာများအား အားပေးစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှု စစ်ဆေး ဆောင်ရွက်သည်။**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယ မြို့တော်ဝန်သည် မြို့အဝင် ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ မြို့အဝင် ဗဟိုလမ်း (ကျောက်ချောကတ္တရာလမ်း)နှင့် ဗဟိုလမ်းရှိ ချောင်းဖြတ် သစ်သားတံတား အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## မြို့နယ်ပြည်သူ့ဆေးရုံ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ခွဲစိတ်ခန်း၊ အမျိုးသား၊ အမျိုးသမီး လူနာကုသဆောင်၊ ပြင်ပလူနာ ကုသဌာန၊ သွားနှင့် ခံတွင်းကုသဌာနနှင့်ဆေးသိုလှောင်ခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကား ပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

## ကြည့်ရှုအားပေး

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ခနောင်တိုအရှေ့ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားရှိသော မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးငယ်များအား အာဟာရမုန့်များ ဝေငှပေးအပ်ပြီး အာဟာရ အစားအစာများ ကျွေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ခနောင်တိုအနောက်ရပ်ကွက်ရှိလမ်းများနှင့်သောက်သုံးရေကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဆိပ်ကြီး ခနောင်တိုမြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ် အားကစား လုပ်ငန်းတို့အတွက် လှူဒါန်းသည့် ငွေကျပ် တစ်သိန်းစီကို ရန်ကုန်တိုင်းအသင်း ကိုယ်စား တိုင်းအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးငွေထံ ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့် မိသားစုတို့က ခနောင်တိုအရှေ့ရပ်ကွက်ရှိ ဘုန်းတော်တိုးဆုတောင်းပြည့် စေတီတော်ဘက်စုံ မွမ်းမံ တည်ဆောက်ရေးအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(သတင်းစဉ်)**



# လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များအတွက် အလှူငွေကျပ် ၁၂၆၀၀၀၀ ကိုလက်ခံသည်။ ထို့နောက် လှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်အတွင်းသို့ သွားရောက်၍ နာတာရှည်ရောဂါ ဝေဒနာရှင်များအား အာဟာရအစားအစာ၊ ဆေးဝါး၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကလေးမြို့ စကားလှဓမ္မာရုံကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်း ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းဆရာတော် ဦးဓမ္မပါလ၏ စီစဉ်ကြီးကြပ်မှုဖြင့် မိုးကုတ်ဝိပဿနာတရားစခန်းပွဲကို ရေဦးဆရာတော် ဦးအိန္ဒြာစရိယနှင့် မြင်းခြံဆရာတော် ဦးဝိမလတို့က ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၁၁ရက် (ဒီဇင်ဘာ ၂၉ရက်)ည ၇နာရီတွင် စကားလှဓမ္မာရုံ ကျောင်းတိုက်၌ တရားပြ တရားဟောကြားမည်ဖြစ်သည်။ ယင်းနေ့ညနေ နောက်ဆုံးထား၍ ယောဂီများလာရောက် စာရင်းပေးသွင်းကြရန်နှင့် ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းမှစ၍ ယောဂီများ တရားထိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

ပြောင်းဖူးဆီထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ ဆီသန့်စင်ခြင်းနှင့် သန့်စင်ပြီး ပြောင်းဖူးဆီများကို လည်းကောင်း၊ ပြောင်းဖူးဆီဗူး သွင်းခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည်မကွေးတိုင်း သရက်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ သရက်ဘိလပ်မြေစက်ရုံ လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှေးဦးစွာ ပြုပြင်ပြီးဖြစ်သည့် ကုန်ကြမ်းကြိတ်စက် အမှတ်(၁)နှင့် အမှတ်(၃)ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် မြန်မာနိုင်ငံ၏ ပထမဆုံး ဘိလပ်မြေစက်ရုံမှ စွမ်းအားတစ်နာရီ ၁၆ တန် ကြိတ်ဝါးနိုင်သော ကုန်ကြမ်းကြိတ်စက်ကို ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည်ကုန်ကြမ်း ကြိတ်စက် အမှတ်(၂)ကိုလည်းကောင်း၊ ဓာတ်ငွေ့ဖြင့် လည်ပတ်လျက်ရှိသော မီးသင်းဖိုအမှတ်(၁)ကို လည်းကောင်း ကြည့်ရှုပြီး စက်ရုံထုတ် စက်အရုံပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ စွမ်းအင် ဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးအုန်းမြင့်က ပြရည်ရေနံမြေမှ သရက်ဘိလပ်မြေစက်ရုံသို့ ဓာတ်ငွေ့များ ပို့လွှတ်မှုအခြေအနေနှင့် စက်များလည်ပတ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးသည် မီးထိုးဆီ အမောင်းပန့်ကို ကြည့်ရှုစစ်ဆေးသည်။

## မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ အင်ဂျင်နီယာများက ကြိုးပမ်းတပ်ဆင် စက်လည်ပတ်လျက်ရှိသော မီးသင်းဖို အမှတ်(၃)၏ ပိုက်လိုင်းတစ်လျှောက်ကိုလည်းကောင်း၊ ကုန်ကြမ်း ပစ္စည်းထုံးကျောက်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဧရာဝတီတိုင်း ကြံခင်းမြို့ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် ဘိလပ်မြေထုတ်လုပ်ရာ၌ အဓိကလိုအပ်သော ထုံးနှစ်ရည်၊ သဲ၊ သံကျောက်နှင့် ထုံးကျောက်နမူနာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်း

ဆက်လက်၍ ဝန်ကြီးသည် ကုန်ကြမ်းကြိတ်စက်များ၏ စက်လည်ပတ်မှုအခြေအနေများကို လည်းကောင်း၊ ကုန်ချောကြိတ်စက်များ၏ ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီ၊ စက်ရုံမှူး ဦးဇော်ဝင်းတို့က စက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် သဘာဝဓာတ်ငွေ့များဖြင့် စက်လည်ပတ်ထုတ်လုပ်လျက်ရှိသော မီးသင်းဖိုလေးလုံး၏ ပုံမှန်လည်ပတ်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

## လည်ပတ်ထုတ်လုပ်

ကြံခင်း ဘိလပ်မြေစက်ရုံအနေဖြင့် နိုင်ငံတော် စီမံကိန်းလုပ်ငန်းများ၏ လိုအပ်ချက်နှင့်အညီဘိလပ်မြေတိုးတက်ထုတ်လုပ်ရေးကို ဦးတည်လျက် စက်ရုံရှိ မီးသင်းဖိုလေးလုံးကို အချိန်ပြည့် စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

## အလိုအလျောက်ပေးပို့

ယင်းနောက် ဝန်ကြီးသည် လျှပ်စစ်ထိန်းချုပ်ခန်း၊ ဘိလပ်မြေဆိုင်လိုများ၊ မီးသင်းဖိုများမှ ထွက်ရှိလာသော ကလင်ကာများ၊ တန်ချိန်ကိုးသောင်းဆံ့ ထုံးကျောက် သိုလှောင်ရုံ၏ အလိုအလျောက် ထုံးကျောက်များကို စက်ရုံသို့ ပေးပို့သည့်စနစ်ကို ကြည့်ရှုပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မှာကြားသည်။

## ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် စက်ရုံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်များ မြင့်မားစေရေးအတွက် လူစွမ်းအား၊ စက်စွမ်းအားနှင့် စီမံမှု စွမ်းအားတို့ဖြင့် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် မေတ္တာညွှန့်အိမ်ရာ ဝဏ္ဏသိခ်လမ်း အမှတ် ၅၁၃နေ ဒေါ်မြသန်း မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အကျိုးတော်ဆောင်ဆရာတော် မဟာသိမ်တော်ကြီး စာချနာယက အရှင်ဂန္ဓသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က–ပ)

● **ကျောဖုံးမှ**

ဆက်လက်၍ ဝန်ကြီးသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ရေယူအဆောက်အအုံတို့ကို ထပ်မံစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်များ ထပ်မံမှာကြားသည်။

## အပြီးသတ်တပ်ဆင်

ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား စက်တစ်လုံးလျှင် ၁၂ ဒသမ ၅မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် ၂၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးရန် စက်တပ်ဆင်လျက်ရှိပြီး ယခုအခါ ၁၂ ဒသမ ၅ မဂ္ဂါဝပ် စက်တစ်လုံးကို တပ်ဆင်ပြီးစီးပြီဖြစ်သဖြင့် စက်မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ၁၂ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပြီး ၁၂ ဒသမ ၅ မဂ္ဂါဝပ်စက်တစ်လုံးကို အပြီးသတ် တပ်ဆင်လျက်ရှိရာ မကြာမီ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းမှ စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်နယ်/ တိုင်း ကျောင်းပေါင်းစုံတင်းနစ်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၀၆ ခုနှစ် ဒသမအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ပြည်နယ်နှင့် တိုင်း ဂျူနီယာနှင့် မီနီတင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီးမြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဒသမအကြိမ်အခြေခံပညာကျောင်းပေါင်းစုံ ပြည်နယ်နှင့် တိုင်း ဂျူနီယာနှင့် မီနီတင်းနစ် ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်း အသင်းရှစ်သင်းမှ တင်းနစ်အားကစားသမား ၁၁၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခရစ္စမတ်အလွန် ချမ်းစိမ့်စိမ့်

၂၆-၁၂-၂၀၀၆

| | | |
|---|---|---|
| နေပြည်တော် | ၁၁ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၀ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၃ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |
| လွိုင်ကော် | ၇ | ဒီဂရီစင်တီဂရိတ် |
| သာယာဝတီ | ၈ | ဒီဂရီစင်တီဂရိတ် |
| မြစ်ကြီးနား | ၁၀ | ဒီဂရီစင်တီဂရိတ် |
| မုံရွာ၊ ချောက်၊ ကျောက်တော် | ၁၂ | ဒီဂရီစင်တီဂရိတ် |
| ဘားအံ၊ ထားဝယ် | ၁၄ | ဒီဂရီစင်တီဂရိတ် |
| ရန်ကုန်(မင်္ဂလာဒုံ) | ၁၆ | ဒီဂရီစင်တီဂရိတ် |

(မြန်မာ့အလင်း)

# စိန်ဂွန်း(အထက–၁)လမ်းမတော် ကျောင်းသားဟောင်းများညစာစားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

စိန်ဂွန်း(အထက–၁လမ်းမတော်) ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ပတ်လည် ညစာစားပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီမှ ၉နာရီအထိ ဆိပ်ကမ်းသာလမ်း နန်းသီတာ အဆောက်အအုံရှိ ဘဲလေးစားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ပါရာ ကျောင်းသားဟောင်းများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

ညစာစားပွဲ လက်မှတ်များကို ဇန်နဝါရီ ၁ရက်မှ၅ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၃နာရီ အထိ အသင်းတိုက်တည်ရှိရာအမှတ် ၃၀ ဗဟိုလမ်း လမ်းမတော်မြို့နယ်၌ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# မန်ယူ နိုင်၊ ချယ်လ်ဆီး သရေကျ လီဗာပူး ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်

**လန်ဒန် ဒီဇင်ဘာ ၂၆**

ပရီမီယာလိဂ်ပွဲစဉ်(၂၀)ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချန်ပီယံချယ်လ်ဆီးတို့ အိမ်ကွင်း၌ ရက်ဒင်းအသင်းကို နှစ်ဂိုးစီသရေကျခဲ့၍ ရမှတ်တစ်မှတ်သာ ရယူနိုင်ခဲ့သည်။

ချယ်လ်ဆီးတို့ သရေကျခဲ့သဖြင့် အဖိုးတန်နှစ်မှတ် ဆုံးရှုံးသွားခဲ့သည်။ ပွဲစပြီး ၃၈ မိနစ်အကြာ ဒရော့ဘာက လမ်းပတ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်စချိန်တွင် ရက်ဒင်းက ပြန်ဖိကစားလာပြီး ပွဲချိန် ၆၇မိနစ်၌ ဂလင်းလစ်တဲလ် ဖြတ်တင်ပေးသည့် ဘောလုံးမှတစ်ဆင့် လီရိုင်းလီတာက ခေါင်းတိုက်ဂိုးဖြင့် ချေပဂိုးသွင်းယူခဲ့သည်။

ဒရော့ဘာက ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် ၇၂မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့်ပင် သွင်းယူပေးခဲ့ပြန်သည်။

ချယ်လ်ဆီးတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ရက်ဒင်းကို ဦးဆောင်နေချိန်တွင် ချယ်လ်ဆီးနောက်တန်းလူ အက်ရှ်လေကိုးလ်ဘောလုံးကို ရှင်းထုတ်စဉ် ကွင်းလယ်ကစားသမား အက်ဆီယံကို ထိမှန်ပြီး ဂိုးဝင်သွားခဲ့သည်။ အက်ရှ်လေကိုးလ်၏ အမှား၊ အက်ဆီယံ၏ ပါးနပ်မှုနည်းခဲ့၍ ကိုယ့်ဂိုးပေါက်ကို ပြန်သွင်းသကဲ့သို့ ဖြစ်သွားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သော နှစ်ပွဲက အဲဗာတန်နှင့် ဝီဂန်တို့ကို နှစ်ဂိုးစီ သရေကျနေချိန်တွင် ပွဲသိမ်းဂိုးများသွင်းပြီး အောင်ပွဲခံနိုင်ခဲ့သော်လည်း ယခုပွဲတွင် ရက်ဒင်းက ရပ်တန့်စေခဲ့လျက် တစ်မှတ်စီ ခွဲဝေယူခဲ့သည်။

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ယင်းပွဲတွင် ကျောဒဏ်ရာရထား၍ ပါဝင်မကစားခဲ့ပေ။ ယင်းပွဲတွင် ဝိန်းဘရစ်အစား အက်ရှ်လေကိုးလ် ပွဲချိန်မိနစ် ၇၀တွင် ဝင်ကစားခဲ့ပြီး ရှက်ဗ်ချင်ကိုအစား အာဂျန်ရော်ဘင် ဝင်ကစားခဲ့သည်။

ချယ်လ်ဆီးတို့ အနိုင်ဂိုးသွင်းရန် လူလဲအားဖြည့်သော်လည်း နှစ်ဂိုးစီ သရေကျကာ တစ်မှတ်ဖြင့်သာ ကျေနပ်လိုက်ရသည်။



**ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို (ယာ)၏ ထိုးဖောက်မှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

## မန်ယူ–ဝီဂန်

မန်ယူတို့ အိမ်ကွင်း၌ ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပထမပိုင်း ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲရှိသည်။ ဒုတိယပိုင်းပြန်စချိန်တွင် မန်ယူက ဖိကစားလာသည်။ ပွဲချိန် ၄၇မိနစ်တွင် လူစားဝင်လာသူ စီရိုနယ်ဒိုက မန်ယူအတွက် အဖွင့်ခေါင်းတိုက်ဂိုးသွင်းနိုင်ခဲ့သည်။ ယင်းဂိုးသွင်းပြီးနောက် မန်ယူတို့ ပို၍လျင်လျင်မြန်မြန် ကစားလာသည်။ မန်ယူတိုက်စစ်မှူး ပတ်ဂျီဆန် ဂိုးသွင်းယူရန် ဆွဲအပြေး ဝီဂန်နောက်တန်းကစားသမားတစ်ဦးက ခြေထောက်ဖြင့် လှမ်းတားလိုက်၍ ဒိုင်လူကြီးက ပယ်နယ်တီကန်ခွင့်ပေးလိုက်သည်။ ယင်းပယ်နယ်တီကို စီရိုနယ်ဒိုကပင် သွင်းယူခဲ့သည်။ ယင်းပယ်နယ်တီမှာ ဂိုးသမားကို ထိမှန်ပြီး ပြန်ထွက်လာစဉ် စီရိုနယ်ဒိုကပင် ဂိုး၏ညာဘက်ထောင့်ထဲသို့ ထပ်ဆင့် ကန်သွင်းယူလိုက်သည်။

မန်ယူတို့ နှစ်ဂိုးအသာရထား၍ ခြေစွမ်းတက်နေချိန် ဝီဂန်တို့ ခြေစွမ်းပျက်နေရာ ဆိုးလ်ရှား၊ စီရိုနယ်ဒိုနှင့် ရွန်နေတို့အတွဲက ဝီဂန် နောက်တန်းကို တရစပ် ထိုးဖောက်လာသည်။

ပွဲချိန် ၅၉မိနစ်တွင် မန်ယူအလယ်တန်းမှ အကွက်ဆင်ပေးလိုက်သော ဘောလုံးကို ရွန်နေ ခေါင်းနှင့်လှည့်တိုက်ချပေးလိုက်ရာ ဆိုးလ်ရှား ပြေးဝင်ပြီး ဝီဂန်နောက်ခံလူတစ်ယောက်အား အသာကျော်ဖြတ်၍ ညာခြေဖြင့် ချိုးသွင်းပေးလိုက်သည်။

ဝီဂန်တို့ပွဲသိမ်းချိန်တွင် ပယ်နယ်တီကန်ခွင့်ရရှိရာ ဘိုင်နက်စ်က ဝီဂန်အတွက် ပယ်နယ်တီမှတစ်ဆင့် နှစ်သိမ့်ဂိုးသွင်းပေးနိုင်ခဲ့သည်။

ပွဲအပြီးတွင် မန်ယူတို့ သုံးဂိုး–တစ်ဂိုးဖြင့် အောင်ပွဲဆင်နိုင်ခဲ့သည်။ မန်ယူတို့ အနိုင်ရလိုက်၍ ချယ်လ်ဆီးအသင်းထက် လေးမှတ် အသာရပြီး ရမှတ် ၅၀ဖြင့် အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။

## အခြားပွဲရလဒ်များ

| | | |
|---|---|---|
| တော့တင်ဟမ် | ၂ – ၁ | အက်စ်တွန်ဗီလာ |
| ဝက်စ်ဟမ်း | ၁ – ၂ | ပို့စ်မောက် |
| ဘလက်ဘန်း | ၁ – ၀ | လီဗာပူး |
| ဘော်လ်တန် | ၂ – ၁ | နယူးကာဆယ် |
| အဲဗာတန် | ၀ – ၀ | မစ်ဒယ်ဘရော့ |
| ရှက်ဖီး | ၀ – ၁ | မန်စီတီး |

(အင်တာနက်)

**သတင်းမြင်ကွင်း–မြင့်စိုး**

# ကားလင်းဖလား ကွာတားဖိုင်နယ်၌ ဘင်နီတက်ဇ်က ဝင်းဂါးအား ရှုံးကြေးဆပ်လို

**စုစည်းတင်ပြသူ - မြင့်မောင်စိုး**

**လန်ဒန် ဒီဇင်ဘာ ၂၆**

လီဗာပူးအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် ပရီမီယာလိဂ်တွင် အာဆင်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကို ကားလင်းဖလား ကွာတားဖိုင်နယ်တွင် လက်စားချေသွားရန် စိတ်အားထက်သန်လျက်ရှိသည်။

**ရက်ရွှေ့**

ယင်းတို့နှစ်သင်းသည် ကွာတားဖိုင်နယ်ကို ကစားရန် ကွင်းအတွင်းသို့ ရောက်ခဲ့ပြီဖြစ်သော်လည်း ဆီးနှင်းများ ထူထပ်စွာကျဆင်းနေ၍ လာမည့်နှစ် ဇန်နဝါရီ ၉ရက်သို့ ပြိုင်ပွဲကို ရက်ရွှေ့ခဲ့ကြသည်။

**ပြောကြား**

အာဆင်နယ်အသင်းဟာ အသင်းကောင်းတစ်သင်းပါ။ ဒါပေမယ့် အီးမရိတ်ကွင်းမှာ ကျွန်တော်တို့ ရှုံးခဲ့တယ်။ ဒီရှုံးကြေးကို ကျွန်တော်တို့ ကားလင်းဖလားပြိုင်ပွဲမှာ ပြန်ဆပ်မှာပါဟု ဘင်နီတက်ဇ်က ပြောကြားသည်။



**လီဗာပူးနည်းပြ ဘင်နီတက်ဇ်(ဝဲ)နှင့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး။** (ဓာတ်ပုံ-အင်တာနက်)

ကားလင်းဖလားဟာ စတုတ္ထမြောက် အရေးကြီးဆုံး ဖလားပါ။ ဒါပေမယ့် ဒီဖလားကို ကျွန်တော်လိုချင်တယ်ဟူ၍လည်း ဘင်နီတက်ဇ်က ဆိုသည်။

ဝိုင်ကွမ်ဘီအသင်းသည် အကြိုဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးအသင်းနှင့် ဇန်နဝါရီ၉ရက် သို့မဟုတ်၁၀ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တော့တင်ဟမ်အသင်းသည် ဇန်နဝါရီ ၁၇ရက်တွင် အာဆင်နယ်နှင့် လီဗာပူးနှစ်သင်းအနက် အနိုင်ရသောအသင်းနှင့် အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

# မစ်ဒယ်ဘရော့အသင်း ရုန်းကန်ကြိုးစားနေရမှု ဆောက်ဂိတ်က မက်ကလာရင်အား အပြစ်တင်



**မစ်ဒယ်ဘရော့နည်းပြ ဆောက်ဂိတ် (ဝဲ) နှင့် အင်္ဂလန်နည်းပြ မက်ကလာရင်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဒီဇင်ဘာ ၂၆**

မစ်ဒယ်ဘရော့အသင်းသည် ပရီမီယာလိဂ်တွင် ရုန်းကန်ကြိုးစားနေရခြင်းအပေါ် နည်းပြဆောက်ဂိတ်က နည်းပြဟောင်း စတိဗ်မက်ကလာရင်ကို ပြစ်တင်စကားပြောဆိုလိုက်သည်။

**အနိုင်ပွဲရရှိရန်**

ရာသီအကြိုက ပြဿနာ ဆိုးကျိုးများဟာ ကျွန်တော့်ခေါင်းပေါ် တာဝန်ကျစေခဲ့ပါတယ်။ ကလပ်အသင်း အများစုဟာရာသီအကြိုမှာ ပြင်ဆင်မှုတွေလုပ်ပြီး ကစားသမားအသစ်တွေခေါ်၍ စနစ်တကျ လေ့ကျင့်ပေးခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ဒီလိုပြင်ဆင်မှုတွေမရဘဲ အသင်းနည်းပြ ဖြစ်လာခဲ့ရတယ်ဟု ဆောက်ဂိတ်က ပြောကြားသည်။ မစ်ဒယ်ဘရော့အသင်းဥက္ကဋ္ဌ စတိဗ်ဂစ်ဆင်က ဆောက်ဂိတ်အား မက်ကလာရင်ကဲ့သို့ အောင်မြင်သူဖြစ်လာစေရန် ဇွန်လဆန်းက နည်းပြအဖြစ် ရွေးချယ်ပေးခဲ့သည်။ မစ်ဒယ်ဘရော့အသင်းသည် သြဂုတ်၂၃ရက်က ချယ်လ်ဆီးအသင်းကို အနိုင်ရခဲ့သော်လည်း နောက်ပိုင်းတွင် အနိုင်ပွဲရရှိရန် ရုန်းကန် ကြိုးစားနေသည်။ **(အင်တာနက်)**

# ချာလ်တန်နည်းပြ လက်စ်ရိဒ်၏နေရာ ဝက်စ်ဟမ်းမှ နုတ်ထွက်ခဲ့သော အလန်ပါဂျူးအား အစားထိုး

**လန်ဒန် ဒီဇင်ဘာ ၂၆**

ချာလ်တန်အသင်းနည်းပြ လက်စ်ရိဒ်သည် ဝက်စ်ဟမ်းအသင်းမှ မကြာမီက နုတ်ထွက်သွားသော အလန်ပါဂျူးနှင့် နှစ်ဦးသဘောတူညီချက်အရ အလန်ပါဂျူးအား ချာလ်တန်နည်းပြအဖြစ် အစားထိုးပေးပြီး အသင်းမှ ထွက်ခွာသွားသည်။

**စာချုပ်ချုပ်ဆို**

ပါဂျူးသည်ချာလ်တန်အသင်းနှင့်အတူ သုံးနှစ်ခွဲစာချုပ်ချုပ်ဆိုလိုက်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ချာလ်တန်အသင်း၏ တတိယမြောက် မန်နေဂျာဖြစ်လာသည်။



**အလန်ပါဂျူး** (ဝဲ)**နှင့် လက်စ်ရိဒ်။** (ဓာတ်ပုံ-အင်တာနက်)

**အနိုင်ရ**

ဒီဇင်ဘာ ၂၃ရက်က ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်တွင် မစ်ဒယ်ဘရော့အသင်းက ချာလ်တန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ချာလ်တန်အသင်းသည် ကားလင်းဖလားကွာတားဖိုင်နယ် ပွဲစဉ်တွင်လည်း ဒုတိယတန်းမှ ဝိုင်ကွမ်ဘီအသင်းကို ရှုံးနိမ့်ခဲ့ရသည်။

**ရှုံးနိမ့်ထား**

ချာလ်တန်အသင်းသည် ခုနစ်နှစ်တာ ကာလအတွင်း ပရီမီယာလိဂ်ပြိုင်ပွဲ၌ ရှုံးပွဲအများဆုံး ရှုံးနိမ့်ထားခဲ့သည်။ ချာလ်တန်အသင်းဥက္ကဋ္ဌ ရစ်ချတ်မာရေးက အလန်ပါဂျူးကိုတာဝန်ပေးခြင်းမှာ မိမိတို့အတွက်အလွန်ကံကောင်းကြောင်း၊ မိမိတို့အသင်းနိုင်ပွဲများ ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

# ပြင်သစ်အသင်းနည်းပြ ပက်ထရစ် တိုဂိုနည်းပြအဖြစ် ပြောင်းရွှေ့ဆောင်ရွက်မည်

**ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ**

**ပါရီ ဒီဇင်ဘာ ၂၆**

ပြင်သစ်ဘောလုံးအသင်း နည်းပြ ပက်ထရစ်နေဗြူးသည် တိုဂို ဘောလုံးအသင်းနည်းပြအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ရန် တိုဂိုဘောလုံးအဖွဲ့ချုပ်နှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီ ဖြစ်ကြောင်း သိရသည်။

**နည်းပြ**

အသက် ၅၁နှစ်အရွယ်ရှိ ပက်ထရစ်သည် တိုဂိုအသင်း နည်းပြအဖြစ် တာဝန်ယူ ဆောင်ရွက်ရေးအတွက် ဆွေးနွေးမှုများ သဘောတူညီချက်ရလုနီးပါးဖြစ်နေပြီ ဖြစ်ကြောင်း၊ မကြာမီ သဘောတူညီချက် ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



**တိုဂိုနည်းပြအဖြစ် ပြောင်းရွှေ့ဆောင်ရွက်မည့် ပြင်သစ်နည်းပြ ပက်ထရစ်။** (ဓာတ်ပုံ-အင်တာနက်)

ပက်ထရစ် သည် ၂၀၀၈အာဖရိကဖလားဘောလုံး ပြိုင်ပွဲတွင် နိုင်ဂျာအသင်းအား ခြေစစ်ပွဲများ ကစားစေခဲ့ရာတွင် ရလဒ်မကောင်းခဲ့သဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သူဖြစ်သည်။ ပက်ထရစ်သည် တရုတ်၊ တူနီးရှား၊ နိုင်ဂျာ၊ မော်ရိုကိုနှင့် ပြင်သစ်အသင်းတို့တွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည်။ ပက်ထရစ်သည် တိုဂိုအသင်းအား ဂါနာတွင် ကျင်းပမည့် ၂၀၀၈အာဖရိကဖလား နောက်ဆုံးဗိုလ်လုပွဲသို့ရောက်အောင် ပထမဆုံးလုပ်ဆောင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

# ဆောက်သမ်တန်မှ ဂါရက်ဘာလေ စပါးသို့ ပြောင်းရွှေ့ကစားရေး ဆွေးနွေး

**ဆောက်သမ်တန်မှ ဂါရက်ဘာလေ။** (ဓာတ်ပုံ-အင်တာနက်)



**လန်ဒန် ဒီဇင်ဘာ ၂၆**

ဆောက်သမ်တန် ဘောလုံးသမား ဂါရက်ဘာလေအား စပါး အသင်းက ဆက်သွယ်ခေါ်ယူနေမှုကို ဆောက်သမ်တန်နည်းပြ ဂျော့ဘာလီက ဆွေးနွေးရန်ရှိကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။

**ကမ်းလှမ်း**

အသက် ၁၇နှစ်သာ ရှိသေးသော ဝေလဘောလုံးသမား ဂါရက်ဘာလေအားခေါ်ယူရန် စပါးအသင်းက ပထမဆုံးကမ်းလှမ်းခြင်းဖြစ် ကြောင်း ၎င်းက ပြောကြားသည်။ စပါးအသင်းနှင့် တရားဝင်ဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ယခုအချိန်အထိ ဆွေးနွေးရန် အချိန်မကန့်သတ်ရသေးကြောင်း သိရသည်။ ဂါရက်သည် အလွန်တော်သော လူငယ်ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း၊ မိမိတို့ နှစ်ရှည်စာချုပ်ဖြင့် ထိန်းသိမ်းလိုသောဆန္ဒရှိနေသော်လည်း အခြေအနေမပေးကြောင်း ၎င်းကပြောကြားသည်။ ဂါရက်သည် အသက် ၂၁နှစ်အောက် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် တစ်ဦးတည်း ငါးဂိုးသွင်းထားနိုင်ခဲ့သူဖြစ်သည်။ ၎င်းအား ချယ်လ်ဆီးနှင့်အာဆင်နယ်တို့ကလည်းခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း သိရသည်။ **(အင်တာနက်)**

# ရက်ဒင်းအသင်း ပရီမီယာလိဂ်တွင် ရပ်တည်နေမည်ဟု စတီဖင်ဟန့်တ် ပြောကြား

**ရက်ဒင်းဘောလုံးသမား စတီဖင်ဟန့်တ်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဒီဇင်ဘာ ၂၆**

ယခုနှစ်မှအတန်းတက်လာသော ရက်ဒင်းကလပ်မှ တိုက်စစ်မှူးစတီဖင်ဟန့်တ်က မိမိတို့အသင်းသည် ပရီမီယာလိဂ်တွင်ရလဒ်ကောင်းကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**စွမ်းဆောင်ပေး**

စတီဖင်ဟန့်တ်သည် ရက်ဒင်းကလပ်အတွက် အဓိကကစားသမား တစ်ဦးဖြစ်ပြီး ပရီမီယာလိဂ် တန်းစီဇယားတွင် အဆင့်ကောင်းကောင်းနှင့် ရပ်တည်နိုင်အောင်လည်း စွမ်းဆောင်ပေးနေသူ ဖြစ်သည်။



ယခုနှစ်တွင်ပရီမီယာလိဂ်သို့ ရှက်ဖီး၊ ဝက်ဖို့ဒ်နှင့် ရက်ဒင်းအသင်းတို့ တက်လာရာ ရီဒင်းကလပ်သည် ပရီမီယာလိဂ်အသင်းကြီးများကို ခြေရည်တူကစားနိုင်ခဲ့သည့် အသင်းဖြစ်သည်။ မိမိတို့အနေဖြင့် ပရီမီယာလိဂ် ဘောလုံးအသင်းတစ်သင်းအဖြစ် အမြဲတမ်း ရပ်တည်သွားနိုင်ရေး ကြိုးစားသွားမည်ဟုလည်း စတီဖင်ဟန့်တ်က ပြောကြားသည်။ မိမိတို့ ရက်ဒင်းကစားသမားများသည် မည်သည့်အသင်းနှင့်တွေ့တွေ့ အစွမ်းကုန်ကြိုးစားပြီး နိုင်ပွဲရအောင် အားထုတ်ကစားသွားမည့် စိတ်ဓာတ်များရှိနေကြောင်းလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

# ပညာရေး စုံညီပွဲတော်ကို ကြိုဆိုပါ၏

ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေရာ (၂၀)ရာစု သတင်းအချက်အလက်များ (Age of Information) မှသည် ယခု(၂၁)ရာစု ပညာခေတ် (Age of Knowledge)သို့ ကူးပြောင်းရောက်ရှိနေပြီ ဖြစ်ပါသည်။ ပညာခေတ်တွင် နိုင်ငံတော် ရေရှည်အကျိုးခိုင်မြဲစေရန်အတွက် ပညာရေးဖြင့် မျိုးဆက်သစ် လူငယ်များ၏ စွမ်းအားကို ပျိုးထောင်မြှင့်တင်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းပင် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များ မြင့်မားရေးဆိုရာ၌ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဟူ၍ နှစ်ပိုင်းပါရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်မျိုးသားလုံး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးမှာ တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးပေါ်တွင် အခြေခံလျက်ရှိသောကြောင့် ဖြစ်ပါသည်။ (၂၁)ရာစုတွင် နည်းပညာများ အလျင်အမြန်တိုးတက်လာနေသည်ကို တွေ့ရှိရပေသည်။ တိုးတက်လာသော နည်းပညာနှင့်အညီ လိုက်ပါအသုံးချရန်အတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ဘဝသက်တမ်း တိုးတက်ဖြစ်ပေါ်လာရေးမှာ အလွန်လိုအပ်ချက်တစ်ရပ် ဖြစ်နေပါသည်။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာထွန်းကားအောင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ကို အချိုးညီ မြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရည်မြင့်မားခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို တန်ဖိုးမြှင့်ခြင်း ဖြစ်ပါသည်။ လူ့စွမ်းအား တန်ဖိုးမြှင့်လေ နိုင်ငံတော်အကျိုးစီးပွားကို သယ်ပိုးမြှင့်တင်နိုင်လေ ဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံး လူ့စွမ်းအားအရင်းအမြစ်များ အစွမ်းကုန်ဖူးပွင့်လှပစေရန် ကျန်းမာရေးကဏ္ဍကိုလည်း အစွမ်းကုန်မြှင့်တင်လျက်ရှိနေသည်ကို မြင့်တွေ့နိုင်ပါသည်။ စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက်မူ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး မျှော်မှန်းလုပ်ဆောင်ချက်များကို အစဉ်တစိုက်ဖော်ထုတ်လုပ်ကိုင်လျက်ရှိပါသည်။ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေးစာစဉ်များ ထုတ်ဝေခြင်း၊ လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့၊ မြန်မာအမျိုးသမီးများနေ့ စသည့် နေ့ထူးနေ့မြတ်များ၏ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အဆင့် စာပေနှင့် အနုပညာပြိုင်ပွဲများ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၊ ဆောင်းပါး ဝတ္ထုပြိုင်ပွဲများ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ၊ ဓာတ်ပုံပြိုင်ပွဲများ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာစွမ်းရည်ပြိုင်ပွဲများ ဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲများ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပေးလျက်ရှိပါသည်။ တစ်မျိုးသားလုံး စာပေဗဟုသုတကြွယ်ဝ စေရုံသာမက စိတ်ဓာတ်ရေးရာ ကိုယ်ခံစွမ်းအားများ ကောင်းမွန်ပြည့်ဝလာစေရန် စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ဖြစ်ပါသည်။ ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရာ၌ အရည်အချင်းပြည့်ဝပြီး စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါသည်။ ထိုလူသားအရင်းအမြစ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပညာရေးကဏ္ဍသည် လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးရေးဖြစ်စဉ်၏ အခြေခံအုတ်မြစ် ဖြစ်နေပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုလေ့ကျင့်သင်ကြားရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပါသည်။ သင်တန်းများမှာ ယဉ်ကျေးမှုသင်တန်းများ၊ အခြားနိုင်ငံတကာဆက်ဆံရေး ဘာသာရပ်သင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ စာရင်းကိုင်သင်တန်းများ၊ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချပေးနေသော ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ အင်္ဂလိပ် နိုင်ငံတကာစာပေ သင်တန်းပို့ချပေးနေမှုများ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး ဒီပလိုမာသင်တန်းများဖြစ်သော လျှပ်စစ်ပညာ၊ သံဂဟေပညာ၊ အင်ဂျင်နီယာပညာ၊ စက်ပြင်ပညာ၊ အချိန်ပိုင်း လုပ်ငန်းခွင်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြား ပေးပို့လျက် အဘက်ဘက်မှ လူ့စွမ်းအား အရင်းအမြစ်များကို မြှင့်တင်လျက်ရှိနေပါသည်။

**“စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးအစ ပညာရေးက” အဆိုနှင့်အညီ ပညာရေးကဏ္ဍဖြင့် လူငယ်လူရွယ်များအား လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးနေပါသည်။** ထို့ကြောင့် စာသင်ကျောင်းများတွင် သမားရိုးကျ ပညာသင်ကြားရေးနည်းစနစ်အပြင် ကလေးသူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံပြုပြင်နိုင်ရေးအတွက် စာအုပ်စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများ ဖတ်ရှုစေခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပညာပေးသင်ကြားခြင်း စသည့် လူထုဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြုလျက်ရှိပါသည်။ ပညာတတ်ရုံသာမက လိမ္မာရေးခြားရှိပြီး လူတော် လူကောင်းများအဖြစ်သို့ ရောက်ရှိလာသည်အထိ လေ့ကျင့်သင်ကြားပေးခြင်း၊ မျိုးချစ်စိတ်နှင့် နိုင်ငံအကျိုးပြု စိတ်ဓာတ်များပွားများပြီး မှန်ကန်မွန်မြတ်သော အကျင့်စာရိတ္တ မြင့်မားလာစေရေးအတွက်ကိုပါ ထည့်သွင်းလေ့ကျင့်ပေးသော ပညာရေးစနစ်ကိုလည်း ကျင့်သုံးလျက်ရှိပါသည်။ ဤစနစ်သည် လက်ရှိမြန်မာနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီအောင် ဦးတည်ဆောင်ရွက်ချက်များပင် ဖြစ်ပါသည်။

မြန်မာအမျိုးသမီးများ “အိမ်တွင်းမှုလုပ် သိမ်းထုတ်သေချာ” ဘဝမှ “ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်၏” ဘဝသို့ ရောက်ရှိစေရန် အမျိုးသမီးများဘဝ လုံခြုံချောမွေ့ ပြည့်စုံစေရန် အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးစွမ်းဆောင်ရှင်များအဖွဲ့ စသည်တို့ကို ဖွဲ့စည်းစုစည်း၍ တာဝန်ယူ လေ့ကျင့်စေခဲ့ပါသည်။ အိမ်တွင်းမှု အချက်အပြုတ်သင်တန်းများ၊ ပန်းအလှပြင်သင်တန်းများ၊ စက်ချုပ်သင်တန်းများ၊ ဇာထိုးပန်းထိုးသင်တန်းများ၊ အလှပြုပြင်ရေး သင်တန်းများကို ဖွင့်လှစ်ပို့ချပေး၍ အမျိုးသမီးများ၏စွမ်းရည်ကို ပြသခွင့်ပေးခဲ့ပါသည်။ ဤသည်မှာလည်း လူ့စွမ်းအား အရင်းအမြစ်များအဖြစ် မြင့်မားသော တာဝန်များကို ပါဝင်ထမ်းဆောင်ခွင့် ရရှိနိုင်စေရန် ရည်မှန်းသည့် ကြိုးပမ်းချက်များပင် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် အခြေခံပညာကဏ္ဍ နှစ်(၃၀) နှစ်ရှည်စီမံကိန်းအတွက် မျှော်မှန်းချက်(၉)ရပ်ကို ချမှတ်ခဲ့ပါသည်။ နိုင်ငံနှင့် လူမျိုးတည်တံ့ရှင်သန်မှုသည် ပညာရေး အခြေခံအုတ်မြစ် ခိုင်မာမှုအပေါ်တွင် မူတည်နေပါသည်။ လူ့အဖွဲ့အစည်း၏ ဗဟိုချက်မသည်လည်း ကျောင်းဖြစ်ပါသည်။ တိုင်းပြည်ခေတ်မီလိုလျှင် ကျောင်းလည်း ခေတ်မီရပါသည်။ အမြဲတမ်း ပွင့်လန်းနေသော ပညာရေးစနစ် Open Education ဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ မူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းများ၊ အလယ်တန်းကျောင်းများ၊ တွဲဖက် အလယ်တန်းကျောင်းများ၊ အထက်တန်းကျောင်း၊ တွဲဖက် အထက်တန်းကျောင်းများနှင့် ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များကို နိုင်ငံနှင့်အဝန်း တောရောမြို့ပါမကျန် တပြေးညီ တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးနေပါသည်။

## တက္ကသိုလ်မြမဥ္ဇူ

ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးတွင် တက္ကသိုလ် ဒီဂရီကောလိပ်ပေါင်း ၁၅၆ခု၊ နည်းပညာတက္ကသိုလ်လေးခု၊ အစိုးရနည်းပညာတက္ကသိုလ် ၂၆ခု၊ မြန်မာ့လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ ကိုးခု၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပုသိမ်မြို့တွင် ရေကြောင်းသိပ္ပံ တစ်ကျောင်း၊ မိတ္ထီလာမြို့တွင် လေကြောင်းနှင့် အာကာသသိပ္ပံတစ်ကျောင်း၊ ပုသိမ်တက္ကသိုလ်တွင် ဇီဝနည်းပညာ သုတေသနဌာန၊ မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါဗေဒ သုတေသနဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပို့ချ၍ လူ့စွမ်းအားအရင်းအမြစ်အခြေခံဖြစ်သော ပညာကဏ္ဍကို ဘက်စုံမြှင့်တင်နိုင်ခဲ့သဖြင့် အာရှပစိဖိတ်ဒေသတွင် စာတတ်မြောက်မှုနှင့် ပညာရည်မြင့်မားသော နိုင်ငံအဖြစ် အသိအမှတ်ပြု ရပ်တည်နိုင်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်မှာ အခြေခံပညာ မူလတန်းကျောင်းပေါင်း ၃၁၃၂၉မှ ၂၀၀၆ ခုနှစ်တွင် ၃၅၈၉၃ ကျောင်း၊ ၁၉၈၈ ခုနှစ်မှာ အခြေခံပညာ အလယ်တန်းကျောင်း ၁၆၉၆မှ ၂၀၀၆ ခုနှစ်တွင် ၂၆၀၁ ကျောင်း၊ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း ၇၂၂ကျောင်းရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၂၀၄၅ စုစုပေါင်း ၄၀၅၄၈ ကျောင်း ဖွင့်လှစ်ခဲ့ပြီး ကျေးရွာငါးရွာ ကျောင်းသုံးကျောင်းနှုန်း၊ ၁ ဒသမ ၄ မိုင် အကွာအဝေးတိုင်း ကျောင်းတစ်ကျောင်းနှုန်း တည်ရှိနေပြီ ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ မူကြိုကျောင်းပေါင်း ၁၅၃၄ ကျောင်းနှင့် ကျောင်းသား ကျောင်းသူပေါင်း ၂၉၄၉၇ ဦး သင်ကြားလျက်ရှိနေပါသည်။ အသက် ၅ နှစ်ပြည့်ပြီးသူတိုင်း ကျောင်းဝင်နှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၉၇ ဒသမ ၈၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါသည်။

ဘွဲ့ရအရေအတွက်သည် ၁၉၈၈ ခုနှစ်တွင် ၄၅၈၀၀၀ ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၁ ဒသမ ၂၂သန်း တိုးတက်ခဲ့ပါသည်။ ပါရဂူဘွဲ့ ၂၁ မျိုး၊ မဟာဘွဲ့ ၆၅ မျိုးအပါအဝင် ဘာသာရပ်သင်တန်း ၁၉၃ခု ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပါသည်။ ပုံမှန်ကျောင်းများသို့ တက်ရောက်သင်ယူနိုင်စွမ်းမရှိသော အဂ္ဂါချို့ယွင်းသူ၊ အမြင်အာရုံ ချို့ယွင်းသူ ကျောင်းသားအရွယ် ကလေးငယ်များအား လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်အောက်တွင် အထူးတလည် ထိန်းသိမ်းပြုစု သင်ကြားပေးလျက်ရှိပါသည်။

ပညာရေးအဟောသိကံဖြစ်မှု နည်းပါးစေရန် ကျောင်းပြင်ပ ပညာရေးအစီအစဉ်နှင့် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်များ ရွှေ့ပြောင်းကျောင်းများ ပြုလုပ်စီမံလျက် ပညာသင်ကြားမှုကို မြှင့်တင်ဆက်စပ်ပေးခဲ့ပါသည်။ ဆရာအတတ်သင်ပို့ချရန် ပညာရေးတက္ကသိုလ် ၂၃ခု၊ ပညာရေးကောလိပ် ၂၀ ရှိပါသည်။

ယနေ့အမျိုးသားပညာရည် တိုးတက်ရေးအတွက် ဘက်စုံပညာထွန်းကားစေရန် တီထွင်ကြံဆမှုတစ်ခုတွင် Information Technology (IT)ခေတ်ကို ထူထောင်နိုင်ခြင်းလည်း ပါဝင်ပါသည်။ ယနေ့ IT ခေတ် ပညာရေးကဏ္ဍတွင် e-Education နှင့် e- Library ၊ စီးပွားရေးကဏ္ဍတွင် e-Commerce နှင့် e-Banking စနစ်များကို အသုံးပြုနိုင်ခဲ့ခြင်းကြောင့် စီးပွားရေး၊ ပညာရေးပိုမိုထိရောက်လျင်မြန်စွာ အောင်မြင်လျက်ရှိပါသည်။

e-Pass port ထုတ်ပေးခြင်းအားဖြင့် On-line ဗီဇာစနစ်များကို အသုံးပြုလျက်ရှိပြီး e- Government ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ IT နည်းပညာ တိုးတက်မှုကို အမီလိုက်နိုင်စေရန် ရန်ကုန်နှင့် မန္တလေးတို့တွင် သက်ဆိုင်ရာဌာနများကို ဖွင့်လှစ်ခဲ့ပါသည်။ ရာစုသစ်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (New Century Resources Centre) နှင့် ရှေးဟောင်းမြန်မာစာပေယဉ်ကျေးမှုဌာန (Resources Centre for Acient Myanmar Manuscripts) ကိုလည်း ရန်ကုန်နှင့်မန္တလေးတို့တွင် ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် တိုးတက်ခေတ်မီသော နိုင်ငံတော်အဖြစ် ရပ်တည်နေနိုင်ရန် နည်းပညာများအတွက် မရှိမဖြစ်လိုအပ်သော မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီကို ၁၉၉၆ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ကွန်ပျူတာ ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ ၁၉၉၈ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကွန်ပျူတာအသင်းချုပ်ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းကွန်ပျူတာအသင်းချုပ်တွင် (၁) ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ (၂)ကွန်ပျူတာပညာရှင်များအသင်း၊ (၃)ကွန်ပျူတာဝါသနာရှင်များအသင်းဟူ၍ အသင်းသုံးသင်းဖြင့် ထပ်မံဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် အာရှနှင့် ကျွန်းနိုင်ငံများ ကွန်ပျူတာလုပ်ငန်းအဖွဲ့တွင် ၁၉၉၈ ခုနှစ်ကစတင်၍ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပါသည်။ ထိုအဖွဲ့ကြီးတွင် အဖွဲ့ဝင် ၁၄နိုင်ငံရှိပြီး မြန်မာနိုင်ငံ၏ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကူညီပံ့ပိုးပေးလျက် ရှိနေပါသည်။ မြန်မာနိုင်ငံ e-အမျိုးသားလုပ်ငန်းအဖွဲ့ကိုလည်း ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလ ၃၀ရက်နေ့တွင် ဖွဲ့စည်းခဲ့သဖြင့် လူငယ်၊ လူရွယ် ကျောင်းသား ကျောင်းသူတိုင်းနှင့် ပညာရေးစနစ်နယ်ပယ်မှာ အချိန်ကာလတစ်ခုတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အမြင့်မားဆုံးသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ICT (Information and Communication Technology) ဖွံ့ဖြိုးမှုအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ တက္ကသိုလ်အဆင့်အထိ ICT စာသင်ခန်း ၄၀၀ ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍကို ချိတ်ဆက်ပြီး ကျောင်းသားလူငယ်များအတွင်း ICT အခြေပြု ခေတ်မီသင်ကြားမှုစနစ်ကို အောင်မြင်ဖြစ်ထွန်းနိုင်စေရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ဗဟိုမှ ထုတ်လွှင့်ပို့ချပေးမှုကို နိုင်ငံအဝန်းရှိ Learning Centre များက ဖမ်းယူလေ့လာနိုင်သော e-Education စနစ်များ၊ အချိန်အခါ၊ အသက်အရွယ်၊ ပညာအဆင့်အတန်းမရွေး၊ မိမိဘာသာ အသုံးပြုဆည်းပူးလေ့လာနိုင်သော Multi-Media Resource Centre ရုပ်မြင်သံကြားသင်ထောက်ကူခန်းမများ၊ New Century Resource Centre ရာစုသစ်အရင်းအမြစ် ဖွံ့ဖြိုးရေးဌာနများနှင့် e-Library စနစ်များစသော ခေတ်မီနည်းစနစ်များကို နိုင်ငံအနှံ့ အဆင့်အလိုက် ထူထောင်ပေးလျက်ရှိပါသည်။

ယနေ့မျက်မှောက်ပညာခေတ်တွင် တက္ကသိုလ်ဘာသာရပ်များ အပါအဝင် အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့် ဘာသာရပ်များကို သင်ကြားသင်ယူနိုင်သော CD Rom များ ထုတ်လုပ်ထားပြီး ဖြစ်ပါသည်။ ထိုစနစ်များကြောင့် မူလတန်းပညာမှ သုတေသီအဆင့်အထိ ပညာရေးမြှင့်တင်မှုအစီအစဉ်၏ အကျိုးများကို ခံစားနိုင်ကြပြီ ဖြစ်ပါသည်။

ယနေ့ခေတ် ပညာရေးလောကတွင် လိုက်နာကျင့်သုံးနေကြသော ဆောင်ပုဒ်တစ်ခုရှိပါသည်။ ယင်းမှာ “စာသင်ခန်းနှင့် ပြင်ပကမ္ဘာ ဆက်သွယ်ပါ” ဟူ၍ဖြစ်သည်။ ကမ္ဘာပေါ်တွင် အကြောင်းအရာ အချက်အလက် နည်းပညာများ တစ်နေ့ထက်တစ်နေ့ ပိုမိုဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ပါသည်။ စာသင်ခန်းနှင့် ပြင်ပကမ္ဘာ ကွဲပြားခြားနားမှု လျော့နည်းသည်နှင့်အမျှ အသိတရားပညာ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ပြင်ပကမ္ဘာ၏ ပြောင်းလဲမှုများကို သိရှိပြီး လိုက်လျောညီထွေ ကျင့်ကြံနေထိုင်နိုင်မှသာ ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည် ဖြစ်ပါသည်။ **လူ့အဖွဲ့အစည်းတွင် “ပညာ”ဟူသည် ဆုံးခန်းတိုင်သောအရာ မဟုတ်ပါ။ အသက်ရှင်နေသရွေ့ ဆက်၍ဆက်၍ လေ့လာဆည်းပူး သင်ယူနေကြရမည်ဖြစ်ပါသည်။**

၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ် ဇန်နဝါရီ ၃ရက်နေ့တိုင်းတွင် ပညာရေးစုံညီပွဲတော်ကို ကျင်းပ၍ ခေတ်မီသင်ကြားမှု နည်းစနစ်များနှင့်အညီ ကျောင်းသားကျောင်းသူများ တီထွင်ဖန်တီးနိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် ပြဿနာ ဖြေရှင်းနိုင်စွမ်းများ တိုးတက်လာစေရေးအတွက် ချဉ်းကပ်နည်းများကို လက်တွေ့အကောင်အထည်ဖော် လေ့ကျင့်ပေးလျက်ရှိနေသည်။

ထိုသို့ အဘက်ဘက်မှ မြှင့်တင်လျက်ရှိသော ပညာရေးအစီအမံများကို ကျောင်းသား ကျောင်းသူများက အလေးထားလိုက်နာကြိုးပမ်း အကောင်အထည်ဖော်သွားကြလျှင် မြန်မာနိုင်ငံ၏ ပညာရေးမှာ ကမ္ဘာ၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သော စွမ်းအားများ ရရှိလာမည်ပင်ဖြစ်ပါသည်။ ဆရာ၊ မိဘ၊ ကျောင်းသား၊ ဒေသခံပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့ အရှိန်အဟုန်ပြင်းစွာ ပေါင်းစပ်ချီတက်၍ မြန်မာနိုင်ငံကြီး အစွန့်ရှည်တည်မြဲခိုင်ခံ့အောင် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးမှုကို မြှင့်တင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။



မရွှိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ်ဗညားဒလလမ်း အမှတ်(၂/၄)နေ ဒေါ်တင်တင်မြင့်နှင့် တူ၊တူမများက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အကျိုးဆောင်ဆရာတော် မဟာသိမ်တော်ကြီး စာချနာယက အရှင် ဂန္ဓသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

## ကြက် ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဆိုင်းဘုတ် သီပေါ၌ စိုက်ထူ

**သီပေါ ဒီဇင်ဘာ ၁၆**

ကြက် ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးပညာပေးဆိုင်းဘုတ် စိုက်ထူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဗိုလ်ချုပ်လမ်းနှင့်မိုင်းပွန်လမ်းဆုံ၌ ကျင်းပသည်။

**ရှင်းလင်း**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူးဦးစိုင်းတင်ရွှေ တို့က ကြက် ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပညာပေးဆိုင်းဘုတ် စိုက်ထူရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကြက် ငှက် တုပ်ကွေးရောဂါ ပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**ပြာသိုလဆန်း ၁၀ ရက်**
**၂၈-၁၂-၂၀၀၆**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဆေးအလှူ (သာမဏေကျော်)
(၂) အခြေခံပညာအလယ်တန်း ပတ္တမြားရတနာ စာစီစာကုံးများ (ဦးဝမ်ထိန်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ခေတ်မီ နလုံးကျန်းမာရေး စစ်ဆေးနည်း ကိရိယာများ) (မောင်ဆုရှင်)
၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ပင်လယ်ဂုံးချက်၊ ကဏန်းကြော်နှင့်ငါးကင်)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာအစီအစဉ်
၁၈း၂၀ သံစဉ်တေးသွား မေတ္တာစကား
(၁) ချစ်တတ်လွန်းတော့ သဝန်ကြောင်တယ် (ကိုရဲဝင်း)
(၂) ချစ်ရင် သဝန်ကြောင်စမြဲပါ (မွေး)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ရွှေခေတ်ဆီသို့)
၁၉း၃၅ ဟန်မျိုးစုံညီ တေးကိုသီ (ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်)
၁။ တွံတေးသိန်းတန်၊ ၂။ ဝင်းဦး၊ ၃။ ပိုးအိစံ၊ ၄။ မောင်ထွန်းမင်း၊ ၅။ ရွှေရည်သိန်းတန်၊ ၆။ အိဖြူ
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သံယောဇဉ် (မြသက်မှူ)
(၂) ခေါင်းအုံးလေးတွေချမ်းနေပြီ (စိန်မောင်မြင့်)
(၃) မြနဒီ (မြင့်မြင့်ရှိန်)

**မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်တေဇလမ်း ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးပြီး လမ်းပခုံးများ ကျောက်ရောမြေဖို့နေမှုကို နိုဝင်ဘာ ၂၃ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့ ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)





## နတ်တလင်း အမျိုးသမီးရေးရာအဖွဲ့ ပညာပေးဆွေးနွေး

**နတ်တလင်း ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ကျောင်းသူများနှင့် အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ၁၈ရက် မွန်းလွဲ၁နာရီက အထက ကျောင်းခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေရီထွန်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ဒုတိယတရားသူကြီး ဦးစိန်ကျော်ဖြူက မြန်မာအမျိုးသမီးများရရှိသည့်အခွင့်အရေးများ၊ ဥပဒေနည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

**တက်ရောက်**

ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာချိုချိုမြင့်က အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်အကြောင်း ပညာပေးဆွေးနွေးသည်။

ယင်းနောက် ယဉ်ကျေးမှုနှင့် ပတ်သက်သော စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရာ အခမ်းအနားကို အမျိုးသမီးရေးရာအဖွဲ့ဝင်ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကတ္တရာခင်း

**စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကွက်သစ်(၂)ရပ်ကွက်ရှိ မြို့သစ် (၁)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ၂ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမောင်မောင်နိုင်မင်း တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးတိုင်းတရားရုံး**
**၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂၅၄**

| | | |
|---|---|---|
| ဘဏ်ခွဲမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>ဝမ်းတွင်းမြို့။ | **နှင့်** | ဦးကျော်မျိုးထွန်း |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၁၇၆ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၇ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ဝမ်းတွင်းမြို့၊ အမှတ်(၁)ရပ်၊ ပျော်ဘွယ်ရွာမကွင်း (၁၅၈၂/၂၁၀၉)၊ ဦးပိုင် (၃၄/၃၅)၊ မြေကွက်(၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁)နှင့် (၁၅၅၊ ၁၅၆၊ ၁၅၇) ဧရိယာ ၄ဒသမ ၁၄ ဧကရှိမြေ၊ ၎င်းမြေပေါ်ရှိ နှစ်ထပ်တိုက်၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း၊ မန်နေဂျာအိမ် သွပ်မိုး၊ ထရံကာ၊ သမံတလင်းခင်း အမျိုးသမီးနားနေဆောင်၊ သွပ်မိုး၊ အုတ်ကာ၊ လျှာထိုးခင်း၊ အောက်ကွန်ကရစ်ခင်း နှစ်ထပ်တိုက်၊ ဝါးကပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း အလုပ်သမားနားနေခန်း၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ စက်ရုံမကြီး၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း လက်ရက်ကန်းစက်ရုံတစ်ရုံ၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း လက်ရက်ကန်းစက်ရုံလေးရုံ၊သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အရာရှိရုံးခန်းနှင့် အထည်သန့်စင်ခန်း နှစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း မျိုးမျိုးအထည်အရောင်းဆိုင်၊ သွပ်မိုး ကွန်ကရစ်ခင်း စားသောက်ဆိုင်၊ ကွန်ကရစ်ရေစင်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၉၀၀)**

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်ထွန်း**
**တိုင်းတရားသူကြီး။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးတိုင်းတရားရုံး**
**၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၃၂၆(အမ်)**

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ်<br>ဝမ်းတွင်းမြို့။ | **နှင့်** | ၁။ ဦးညွန့်လှိုင်<br>၂။ ဒေါ်ဖွားလှိုင် |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၁၈၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက်၊ ကွင်း(ဂျီ)၊ ဦးပိုင်အမှတ် (ဂျီ-၂)၊ (ဂျီ-၃) ဧရိယာဝဒသမ ဝ၈ဧကရှိမြေနှင့် ယင်း မြေကွက်ပေါ်ရှိ (၃၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ကာတစ်ထပ်တိုက်၊ (၁၁x၂၂)ပေ သွပ်မိုး၊ ထရံကာ၊ ဂိုဒေါင် အဆောက်အအုံများ။

**လေလံကြမ်းခင်းဈေး ကျပ်(၈၃)သိန်း**

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလ၁၄ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**သက်စိုးအောင်**
**တွဲဖက်တိုင်းတရားသူကြီး(၇)**
**မန္တလေးတိုင်းတရားရုံး။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးတိုင်းတရားရုံး ၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၅၇**

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>ဝမ်းတွင်းမြို့။ | **နှင့်** | ၁။ ဦးကိုကိုဝင်း<br>၂။ ဒေါ်ခင်မာလွင် |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၃၉၀တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ဝမ်းတွင်းမြို့ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၁၄၆၇/၂ ရေဆုံးတောင်)၊ ဦးပိုင်အမှတ် (၃၄၈/၁)၊ မြေကွက်အမှတ်(အက်ဖ်-၁၉၄/၁၁၉၅)ဧရိယာ ဝ ဒသမ ၆၄ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ သွပ်မိုး၊ နံကပ် တစ်ထပ်တိုက်၊ သွပ်မိုး၊ ထရံကာ၊ ဂိုဒေါင်၊ စက်နှင့် စက်ပစ္စည်းများ။

**လေလံကြမ်းခင်းဈေး ကျပ်(၈၅)သိန်း**

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဦးကျောက်**
**တွဲဖက်တိုင်းတရားသူကြီး(၁)၊ မန္တလေးတိုင်းတရားရုံး။**

## မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာ တွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများနေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** **(မြန်မာ့အလင်း)**

# ဝန်ကြီးဦးအောင်သောင်း စက်ရုံကုန်ထုတ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး ကုန်ထုတ်လုပ်မှုမြှင့်မားရေး လူ့စွမ်းအား၊ စက်စွမ်းအားတို့ဖြင့် ကြိုးပမ်း

## သရက်ဘိလပ်မြေစက်ရုံ ကြည့်ရှု



**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၂၆**

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၉ နာရီက မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကျယ်ကျေးရွာအနီး မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော ပြောင်းဖူးထွက် ထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)စီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းသည် ပြောင်းဖူးစေ့များကို ပြောင်းစေ့အဝင်ဇလားသို့ ထည့်ခြင်းလုပ်ငန်း၊ ပရိုတိန်းခွဲစက်တပ်ဆင်ပြီးစီးမှုနှင့် စက်များစမ်းသပ်လည်ပတ်မှုအခြေအနေ၊ ကော်ရည်ဆေးစက်၊ အမှုန့်ကြိတ်စက်များ၏ စက်များတပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက်ဝန်ကြီးသည် ပြောင်းစေ့စိမ်ကန်၊အမြင့်တင်စက်၊ ပြောင်းနှစ်ရည် ထုတ်စက်များတပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်များအမြန်တပ်ဆင်၍ စမ်းသပ်လည်ပတ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြောင်းစေ့စိမ်ကန်၏ အခြေအနေ၊ အမှုန့်ကြိတ်စက်အခြေအနေ၊ အရည်စစ် ကော်မှုန့်စက်နှင့် ကော်မှုန့်အခြောက်ခံစက်များကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်၊ အထွေထွေမန်နေဂျာ ဒေါက်တာချိုဝင်းမော်တို့က ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဝန်ကြီးသည် ပြောင်းဖူးစေ့ သိုလှောင်ဆိုင်လိုများကိုလည်းကောင်း၊ ဆီထုတ်စက်ရုံရှိ *စာမျက်နှာ ၁၂ ကော်လံ ၁*

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၆

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဒီဇင်ဘာ ၂၃ ရက် ညပိုင်းက ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူးဦးဝမ်ကြည်နှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဝန်ကြီးသည် ရဲနွယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားပေးစက်နံပါတ်(၁) မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသည့် မြေအောက်ထပ် တာဘိုင်စက်ခန်းသို့ ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကြည်သာနှင့် ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် High Voltage Switch Gear Room အခန်းရှိ Controll Pannel များကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် ဦးဝမ်ကြည်တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် လျှပ်စစ်ဓာတ်အားပေးစက်နံပါတ်(၂)၏ လျှပ်စစ်/စက်မှုပစ္စည်းများ အသေးစိတ် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စနစ်တကျ သေချာအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဝန်ကြီးသည် စက်ရုံထိန်းချုပ်ခန်းလုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးရာ တာဝန်ရှိသူများက လည်ပတ်နေပြီဖြစ်သော လျှပ်စစ်ဓာတ်အားပေးစက်နံပါတ်(၁)၏ စက်မောင်းနှင်မှုနှင့် ကွန်ပျူတာဖြင့်ထိန်းချုပ်လုပ်ဆောင်မှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ *စာမျက်နှာ ၁၂ ကော်လံ ၃*

## မြန်မာ့အလင်း အားကစား အညွှန်း

ကမ္ဘာတစ်လွှား အားကစားသတင်းများကို စာမျက်နှာ ၁၂-၁၃ တွင် ဖတ်ရှုနိုင်ပါသည်။

**မန်ယူ နိုင် ချယ်လ်ဆီး သရေ လီဗာပူး ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်**



**ပရီမီယာလိဂ် ပွဲစဉ်(၂၀)** ပွဲစဉ်များကို ဒီဇင်ဘာ၂၆ ရက်က ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ ချယ်လ်ဆီးက ရက်ဒင်းနှင့် နှစ်ဂိုးစီ သရေကျပြီး မန်ယူ က ဝီဂန်ကို သုံးဂိုး – တစ်ဂိုးဖြင့် နိုင်၍ မန်ယူက ဒုတိယနေရာမှ ချယ်လ်ဆီးထက် ၄ မှတ် အသာဖြင့် ပရီမီယာလိဂ်၌ ဆက်လက်ဦးဆောင်လျက်ရှိနေသည်။



**ကားလင်းဖလား ကွာတားဖိုင်နယ်၌ ဘင်နီတက်ဇ်က ဝင်းဂါးအား ရှုံးကြွေးဆပ်လို**